# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဓိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ် (၀၆၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကျင်းပ

## ခေါင်းဆောင်ငယ်များဖြစ်လာကြမည့်သူများဖြစ်သည့်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ ကျင့်ကြံအားထုတ်နေထိုင်ပြီး အမိစစ်တက္ကသိုလ်၏ဂုဏ်ကို ဆောင်နိုင်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် နောင်တစ်ခေတ်၏ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁*


ယနေ့ ဖတ်စရာ

နေပြည်တော် ပညာ့ရတနာ Naypyitaw State Academy — ဆောင်းပါး စာ ၁၁

ကမ္ဘောဒီးယားနိုင်ငံ၏ နာမည်ကျော် အန်ကောရှေးဟောင်းသုတေသနဥယျာဉ်သို့ ၁၁ လအတွင်း လူပေါင်း ၂၂၅၀၀၀ ကျော် လာရောက်လည်ပတ် — နိုင်ငံတကာသတင်း စာ ၁၄

အားလုံးပါဝင် ဖွံ့ဖြိုးဖို့ ဆန်းသစ်တီထွင် အဖြေရှာစို့ အားလုံးလက်လှမ်းမီညီမျှရေး တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး — ဆောင်းပါး စာ ၁၆

# အထူးတန်းဝင် မြန်မာ့ကော်ဖီဖြင့် ကမ္ဘာ့ဈေးကွက်သို့ တိုးချဲ့ဝင်ရောက်

ကမ္ဘာပေါ်တွင် နှစ်စဉ် ကော်ဖီကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော်ရှိပြီး ရေနံပြီးလျှင် ဒုတိယအများဆုံး ကုန်သွယ်မှုပြုသည့် ကုန်စည်ဖြစ်သည်။ ထို့အပြင် ကမ္ဘာ့ကော်ဖီဈေးကွက်တွင် ဝယ်လိုအားရှိသလောက် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးသည့်အတွက် ဈေးကောင်းရနေသည့် ကုန်စည်လည်း ဖြစ်နေသည်။ မြန်မာနိုင်ငံတွင် ကိုလိုနီခေတ်ဦးကတည်းက ကော်ဖီကို စိုက်ပျိုးလာခဲ့ခြင်းဖြစ်ရာ ကော်ဖီစိုက်ပျိုးသည့်သက်တမ်း နှစ်ပေါင်းတစ်ရာကျော်ပြီဖြစ်သည်။ သို့ရာတွင် မိရိုးဖလာနည်းဖြင့်သာ စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သည့်နှစ်အနည်းငယ် (၂၀၁၄ ခုနှစ်) ကမှ စတင်ကာ ခေတ်မီနည်းပညာ၊ စက်ကိရိယာများ၊ စိုက်ပျိုးနည်းစနစ်များ၊ ကော်ဖီအရည်အသွေး ထိန်းသိမ်းမှုနည်းစနစ်များနှင့် စတင်ထိတွေ့လာရခြင်းဖြစ်သည်။

ကော်ဖီသည် ကမ္ဘာ့ဈေးကွက်တွင် မျက်နှာပန်းလှသည့် ရောင်းကုန်ဖြစ်ခြင်းကြောင့် ဈေးကွက်ဝေစုရရေးအတွက် နိုင်ငံများစွာတို့က ကြိုးပမ်းလျက်ရှိကြသည်။ မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံတွင် အစိုးရအဆက်ဆက်တို့က ကော်ဖီတောင်သူများ၊ လုပ်ငန်းရှင်များကို တွန်းအားပေးဆောင်ရွက်ခဲ့ရာတွင် ကော်ဖီစိုက်ဧကနှစ်သိန်းကျော် အကောင်အထည်ဖော်စိုက်ပျိုးခဲ့သည်ဟု သိရှိရပြီး အမှန်တကယ် အောင်မြင်ဖြစ်ထွန်းမှုမှာ ဧက ၅၀၀၀၀ ခန့်သာရှိ၍ တစ်နှစ်လျှင် တန်ချိန် ၉၀၀၀ ကျော်သာ ထွက်သည်ကို တွေ့ရသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာ ၂ ရက်က ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များအား တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများ ဆွေးနွေးရာတွင် "မိမိတို့နိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ပြည်တွင်း၌ပင် တန်ဖိုးမြင့်ကုန်ချောအဖြစ် ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ပါက ယခုထက်ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြန်မာ့ကော်ဖီဈေးကွက်ရရှိရေး မိမိအနေဖြင့် စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက် ကြော်ငြာခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ ဈေးကွက်လိုအပ်ချက်ကို ပြည့်မီနိုင်ရေးအတွက်လည်း ထုတ်လုပ်မှုများကို အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ရန်လိုကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိသည့် ခေတ်မီနည်းပညာများ၊ အရည်အသွေးဆန်းစစ်မှုများဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းမှ ရရှိလာသော အထူးတန်းဝင် မြန်မာ့ကော်ဖီသည် အရည်အသွေးအကောင်းဆုံး ကော်ဖီစာရင်းတွင် ပါဝင်ပြီး ကမ္ဘာ့ဈေးကွက်တွင်လည်း နာမည်ရခဲ့ပြီးဖြစ်ရာ ဆက်လက်၍ ဈေးကွက်ချဲ့ထွင်နိုင်ရေး နိုင်ငံတော်၏ အားဖြည့်ကူညီမှု၊ ကော်ဖီတောင်သူများ၊ ကော်ဖီလုပ်ငန်းရှင်များ၏ အားသွန်ခွန်စိုက်ကြိုးပမ်းမှုများဖြင့် မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးတို့ သယ်ပိုးနိုင်ကြပါစေကြောင်း။ ။

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည် / နိုင်ငံသား စိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး၊ ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည် / နိုင်ငံသားစိစစ်ရေး ကတ်အမှတ်တို့ မှန်မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အတွက် ***601#** ၊ Atom အတွက် ***979*3*3#** ၊ Ooredoo အတွက် ***666#** ၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## တိုက်ကြီးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တိုက်ကြီး ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်သည့် ကျေးလက်ရေပေးရေးလုပ်ငန်းများနှင့် ကျေးလက်ကုန်ထုတ်လမ်း လုပ်ငန်းများကို ဒီဇင်ဘာ ၂ ရက်က တိုက်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လဲ့လဲ့မွန်၊ တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ချင်းကုန်းကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် အမြင့်တင် ရေစင်ဆောင်ရွက်နေမှု၊ ဒေါ်မင်းချုပ်စုကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တွင်းနက်တူးဖော်ခြင်းလုပ်ငန်း လေးလက်မခွဲ၊ တွင်းအနက် ပေ ၃၀၀ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရင်းတိုက်ကွင်းကျေးရွာ ကုန်ထုတ်လမ်းအရှည် သုံးမိုင် ဆောင်ရွက်နေမှုများကို မြေပြင်ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ချယ်ရီရိပ်ခို အမိပျို

※ ချယ်ရီရိပ်ခို၊ အမိပျိုဟု
ကိုယ်ငယ်စဉ်က ၊ စာဖွဲ့ရအောင်
အလှဂုဏ်တိုး၊ အားသစ်ပျိုးသည်
မြတ်နိုးရသော၍တက္ကသိုလ်။

※ သစ္စာသူရ၊ သိပ္ပပညာ
လေးဖြာဂုဏ်ဒြပ်၊ ပြည့်စုံအပ်လျက်
အရပ်အနေ၊ သင့်ပါစေဟု
ကောင်းမွေလက်ဆင့်၊ ပေးကမ်းလင့်သည်
ရဲရင့်လှသော၍တက္ကသိုလ်။

※ ဘယ်ညာညီညီ၊ စစ်တေးသီလျက်
ပြည်၏ရင်နှစ်၊ အမှန်ဖြစ်သည့်
အောင်စစ်သည်တော်၊ ဇာနည်မော်တို့
ထွန်းပေါ်ခဲ့သော၍တက္ကသိုလ်။

※ ဩော် ...
ချယ်ရီချယ်ရီ၊ ပန်းအနီတို့
အနီရောင်ဖုံး၊ နံ့သာမှုန်းလျက်
ပင်လုံးကျွတ်မျှ၊ ပွင့်ချိန်ကျတိုင်း
သားလှဇာနည်၊ အောင်စစ်သည်တို့
၍မြေမြတ်တွင်၊ ဖွားသန့်စင်သော်
မိခင်တက္ကသိုလ်၊ ပြုံးရိပ်ချိုလျက်
ပို၍ပိုကာ၊ နုပျိုလာ၏
ကမ္ဘာအရှည်၊ မြန်မာပြည်ဝယ်
ချယ်ရီ၏ဂုဏ်၊ သတင်းစုံနှင့်
သင်းထုံမည့်အကြောင်း၊
နိမိတ်ကောင်းနှယ်
သားကောင်းမိခင်၊ အလှဆင်ပြီ
မြင်သူအပေါင်း၊ ဂုဏ်ယူကြောင်းနှင့်
နှစ်ထောင်းအားရ၊ ဝမ်းမြောက်စွမို့
သားလှတို့ရဲ့၍တက္ကသိုလ်။
ချယ်ရီရိပ်ခိုအမိပျို။
ထပ်ဆင့်ဂုဏ်ပြုရသည်ကို။ ။

(စစ်တက္ကသိုလ် အမှတ်စဉ် ၆၄ ကျောင်းဆင်းပွဲကို ဂုဏ်ပြုလျက် -)

**မြင်းမှူမောင်နိုင်မိုး**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

"အားလုံးပါဝင်ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင် အဖြေရှာစို့။
အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး"

"Transformative solutions for inclusive development: the role of innovation in fuelling an accessible and equitable world"

၃.၁၂.၂၀၂၂ နေပြည်တော်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စာပေထူးချွန်ဆု (ဝိဇ္ဇာ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၉၈၅၊ ဗိုလ်လောင်း ဖွဲ့သီမင်းပိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စာပေထူးချွန်ဆု (သိပ္ပံ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၂၁၄၊ ဗိုလ်လောင်း မျိုးမင်းအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

○ *ရွှေဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် စစ်တက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ချီတက်အလေးပြု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် က စစ်တက္ကသိုလ်ဗိုလ်လောင်းအမှတ်စဉ်(၆၄)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၀၃၅၊ ဗိုလ်လောင်း ထွန်းလင်းကျော်၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၀၄၂၊ ဗိုလ်လောင်း နေလင်းစိုး၊ စာပေထူးချွန်ဆု (ဝိဇ္ဇာ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၉၈၅၊ ဗိုလ်လောင်း ဖွဲ့သီမင်းပိုင်၊ စာပေထူးချွန်ဆု (သိပ္ပံ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၂၁၄၊ ဗိုလ်လောင်း မျိုးမင်းအောင်၊ စာပေ ထူးချွန်ဆု(ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၂၂၄၊ ဗိုလ်လောင်း သူရိန်စိုးတို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် **"တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သည့် လက်ရုံးရည် နှလုံးရည်နှင့်ပြည့်စုံသော အရာရှိကောင်းများ မွေးထုတ်ပေးရန်"** ဟူသည့် စစ်တက္ကသိုလ်၏ ရည်ရွယ်ချက်နှင့်အညီ တပ်မတော်၏ ခေါင်းဆောင်ငယ်များအဖြစ် မွေးထုတ်လိုက်ခြင်းသည် တိုင်းပြည်တာဝန်၊ နိုင်ငံ့တာဝန်ကို တပ်ရင်း၊ တပ်ဖွဲ့များတွင် အခြေခံကျကျ တာဝန်ထမ်းဆောင်နိုင်စေရန်ဖြစ်ကြောင်း၊ တပ်မတော်သည် လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့သည့် တပ်မတော်ဖြစ်ကြောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) အဖြစ် တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ဖွဲ့စည်းခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)၊ ဗမာ့အမျိုးသားတပ်မတော် (BNA)၊ မျိုးချစ်ဗမာ့တပ်မတော် (PBF)၊ ဗမာ့တပ်မတော် (Burma Army)အဖြစ် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးများမှ လွတ်လပ်ရေးရသည်အထိ ပြည်သူကို ဦးဆောင်လက်တွဲ တိုက်ပွဲဝင်ခဲ့သည့် တပ်မတော်ဖြစ်ကြောင်း။

**စစ်တက္ကသိုလ်မှ နိုင်ငံတော်တာဝန်များ ထမ်းဆောင်ရန်အတွက် လေ့ကျင့်သင်ကြား ပျိုးထောင်ပေးလိုက်ခြင်းသည် အခြေခံမျှသာဖြစ်ကြောင်း၊ မိမိတို့ ရောက်ရှိ တာဝန်ထမ်းဆောင်ကြရမည့် လက်တွေ့နယ်ပယ်တွင် ယင်းပညာရပ်များကို အခြေခံပြီး လက်တွေ့ဘဝနှင့် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ ထိုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် တပ်မတော်က ချမှတ်ထားသည့် ခေါင်းဆောင်မှု အင်္ဂါရပ်(၁၆)ရပ်နှင့်အညီ ကျင့်ကြံကြိုးစားလုပ်ဆောင်ရန် လိုအပ်ကြောင်း။

မိမိတို့တပ်မတော်သားများသည် တပ်မတော်၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းဥပဒေများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရသည့်အပြင် နိုင်ငံတော်က ချမှတ်ထားသည့်ဥပဒေနှင့် စည်းကမ်းများကိုလည်း နိုင်ငံသားတစ်ဦးအနေဖြင့် လိုက်နာကြရသူများဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတကာတွင် လက်ခံကျင့်သုံးနေသည့် စစ်ပွဲဆိုင်ရာ ဥပဒေသများကိုလည်း သိရှိလိုက်နာကြရကြောင်း၊ တစ်ဦးချင်း တစ်ယောက်ချင်း စည်းကမ်းကောင်းမွန်မှုရှိမှသာ တပ်မတော်၏အားကို တည်ဆောက်နိုင်ပြီး တိုင်းရင်းသားပြည်သူအားလုံး၏ ယုံကြည်ကိုးစားမှုကိုရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာမှု၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်မှု၊ အမိန့်နာခံတတ်မှုများနှင့် မိမိတို့၏ ဘဝကို ကြိုးစားမြှင့်တင် သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် **စည်းကမ်းကောင်းသည့် တပ်မတော်၊ စည်းကမ်းရှိသည့် အဖွဲ့အစည်း၊ စည်းကမ်းအရာတွင် စံနမူနာဖြစ်သည့် အဖွဲ့အစည်းအဖြစ် တပ်မတော်၏ အစဉ်လာကောင်းများကို ဆက်လက်ထိန်းသိမ်းရန်လည်း မှာကြားလို**ကြောင်း။

တပ်မတော်သားများသည် သစ္စာလေးချက်ကို နေ့စဉ်ရွတ်ဆိုပြီး အဓိဋ္ဌာန်ပြုနေကြသူများဖြစ်ကြောင်း၊ မည်သူကပင် ကြားဝင် သွေးခွဲပြီး တပ်မတော် ပြိုကွဲအောင် သွေးဆောင်ဖြားယောင်းသည်ဖြစ်စေ မယိုင်မလဲ လေးနက်ခိုင်မာသည့် အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သွားကြရန်လိုသည်ဟု တိုက်တွန်းပြောကြားလိုကြောင်း၊ **လက်ရုံးရည်ပြည့်ဝစေရန် စဉ်ဆက်မပြတ် လေ့ကျင့်နေရမည်ဖြစ်သကဲ့သို့ နှလုံးရည် ပြည့်ဝစေရန်လည်း ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်၊ ဗဟုသုတများရရှိအောင် သုတ၊ ရသ စာအုပ်စာပေများကို အမြဲဖတ်ရှုလေ့လာနေရမည်ဖြစ်**ကြောင်း။

**စာကောင်းပေမွန်များကို ဖတ်ရှု**

စာပေကပေးသည့် အသိအမြင်၊ အတွေးအခေါ်များသည် စိတ်ဓာတ်ခံယူချက်များကို မြင့်တက်လာစေမည်ဖြစ်သဖြင့် စာကောင်းပေမွန်များကို ဖတ်ရှုခြင်းအားဖြင့် မိမိကိုယ်ကို ထိန်းသိမ်းလာနိုင်ပြီး စိတ်ဓာတ်စည်းကမ်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တပ်မတော်တစ်ရပ်အရည်အချင်းပြည့်ဝရန်အတွက် လေ့ကျင့်ရေးသည် မရှိမဖြစ် လိုအပ်သည့် အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ မိမိတို့တပ်မတော်အတွက် အရေးကြီးဆုံး လုပ်ငန်းလည်းဖြစ်ကြောင်း၊ **"ချွေးထွက်များမှ သွေးထွက်နည်းမည်"**ဟူသည့် လေ့ကျင့်ရေး ဆောင်ပုဒ်အတိုင်း မိမိကိုယ်ကို လေ့ကျင့်သားပြည့်ဝသူများဖြစ်အောင် အားထုတ် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ **"ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်ရမည်၊ ရဲစွမ်းသတ္တိ ရှိရမည်"** ဟူသည့် တပ်မတော်၏ လေ့ကျင့်ရေးမူဝါဒများနှင့်အညီ စိတ်ပိုင်း၊ ရုပ်ပိုင်းအစဉ် ကြံ့ခိုင်မှုရှိအောင် စဉ်ဆက်မပြတ် လေ့ကျင့်နေကြရန် မှာကြားလိုကြောင်း၊ ထို့ကြောင့် **"လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲဆင်"** ဟူသည့် ဆောင်ပုဒ်အတိုင်း အောင်မြင်မှု၏သော့ချက်ဖြစ်သည့် လေ့ကျင့်ရေးကို ပေါ့ပေါ့တန်တန်သဘောမထားဘဲ အလေးအနက်ထား ကြိုးစားလုပ်ဆောင်သွားရန် မှာကြားလိုကြောင်း။

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

- **"တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သည့် လက်ရုံးရည် နှလုံးရည်နှင့်ပြည့်စုံသော အရာရှိကောင်းများ မွေးထုတ်ပေးရန်" ဟူသည့် စစ်တက္ကသိုလ်၏ ရည်ရွယ်ချက်နှင့်အညီ တပ်မတော်၏ ခေါင်းဆောင်ငယ်များအဖြစ် မွေးထုတ်လိုက်ခြင်းသည် တိုင်းပြည်တာဝန်၊ နိုင်ငံ့တာဝန်ကို တပ်ရင်း၊ တပ်ဖွဲ့များတွင် အခြေခံကျကျ တာဝန်ထမ်းဆောင်နိုင်စေရန်ဖြစ်**
- **စစ်တက္ကသိုလ်မှ နိုင်ငံတော်တာဝန်များ ထမ်းဆောင်ရန်အတွက် လေ့ကျင့်သင်ကြားပျိုးထောင်ပေးလိုက်ခြင်းသည် အခြေခံမျှသာဖြစ်၊ မိမိတို့ရောက်ရှိ တာဝန်ထမ်းဆောင်ကြရမည့် လက်တွေ့နယ်ပယ်တွင် ယင်းပညာရပ်များကို အခြေခံပြီး လက်တွေ့ဘဝနှင့် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်၊ ထိုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် တပ်မတော်က ချမှတ်ထားသည့် ခေါင်းဆောင်မှု အင်္ဂါရပ် (၁၆) ရပ်နှင့်အညီ ကျင့်ကြံကြိုးစားလုပ်ဆောင်ရန် လိုအပ်**

*စာမျက်နှာ ၃ မှ*

တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဟူသည့် တပ်မတော်၏ အဓိကလုပ်ငန်းတာဝန် ၃ ရပ်ကို အစဉ်တစိုက် ထမ်းဆောင်လျက်ရှိကြောင်း။

**ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်**

**နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်**ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးသည် အနိမ့်ဆုံးအဆင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရန်ဖြစ်ပြီး တပ်မတော်သားများသည် ကိုယ်ပိုင်ဆန္ဒနှင့်အညီ အများအကျိုးအတွက် ကာကွယ်ရေးတာဝန် ထမ်းဆောင်နေခြင်းဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀ (စ) အရ ဒို့တာဝန်အရေးသုံးပါးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိကြောင်း၊ **တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ (Guardian) အဖြစ် ယင်းတာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်**ကြောင်း။

မိမိတို့နိုင်ငံ၏၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန် အဓိကတာဝန်ရှိကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်အတွက် အသက်ခန္ဓာသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို ယိမ်းယိုင်ပျက်စီးအောင် ပြုလုပ်လာသည့် အပြုအမူမှန်သမျှကို ဥပဒေနှင့်အညီ ကာကွယ်တားဆီးခြင်းသည် သမိုင်းပေးတာဝန် ထမ်းဆောင်ခြင်းသာဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို ခေတ္တတာဝန်ယူနေစဉ်အတွင်း၌လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ကိုချမှတ်ကာ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် **အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်အဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် အားသွန်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်အဖြစ် ငြိမ်းချမ်းရေးအတွက် ယခုနှစ်မှစတင်၍ ခြေလှမ်းသစ်များဖြင့် ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလို**ကြောင်း။

တပ်မတော်က ပြည်သူလူထုလိုလားသည့် ပါတီစုံ ဒီမိုကရေစီစနစ် ပေါ်ပေါက်စေရန်အတွက် ခိုင်ခိုင်မာမာဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် စတင်ကျင့်သုံးပြီးနောက်ပိုင်း အချို့နိုင်ငံရေးကိစ္စများတွင် အစိုးရနှင့် တပ်မတော်အကြား သဘောထားမတိုက်ဆိုင်သည်များ တွေ့ရှိခဲ့သော်လည်း တိုင်းပြည်တိုးတက်ရေးအတွက် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် တပ်မတော်က နိုင်ငံရေးအရ ဖြစ်ပေါ်လာခဲ့သည့် အရေးပေါ်အခြေအနေများအရ နိုင်ငံ့တာဝန်ကို ခေတ္တတာဝန်ယူရပြီးနောက်ပိုင်းတွင် တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း လုပ်နေသည့်သူများကိုလည်း အရေးယူခဲ့ရသည်ကိုတွေ့ရှိရကြောင်း။

**နိုင်ငံရေးအရ အရေးယူခြင်းမဟုတ်ဘဲ ၎င်းတို့ကျူးလွန်ခဲ့သည့် ဥပဒေချိုးဖောက်မှုများကြောင့်ပင် ဥပဒေအရသာ အရေးယူခဲ့ရခြင်းဖြစ်ကြောင်း၊ ဥပဒေအထက်တွင် မည်သူမျှမရှိသည်ကို ဖော်ပြနေခြင်းပင်ဖြစ်**ကြောင်း။

**လွတ်ငြိမ်းချမ်းသာခွင့်ပေး**

အလားတူ ဥပဒေကြောင်းအရ အရေးယူခဲ့သည့်သူအချို့ကိုလည်း အရေးယူပြီးနောက်ပိုင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အတူပူးပေါင်းဆောင်ရွက်နိုင်စေရန် ပြစ်ဒဏ်လျှော့ပေါ့ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းများအား ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော်အနေဖြင့် သဘောထားကြီးမားစွာနှင့် နိုင်ငံ့အကျိုး ရှေးရှုပြီး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် လာမည့် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးရရှိသည်မှာ (၇၅) နှစ်တာကာလရောက်ရှိပြီ ဖြစ်ကြောင်း။

လွတ်လပ်ရေးရရှိစဉ်မှစ၍ ယနေ့အထိ အစိုးရအမျိုးမျိုး၊ စနစ်အမျိုးမျိုးဖြင့် နိုင်ငံတော်ကို ကြိုးစားတည်ဆောက်ခဲ့ကြကြောင်း၊ နိုင်ငံတော်အကျိုးကို ကျရာတာဝန်မှ ကြိုးပမ်းဆောင်ရွက်ခဲ့ကြမှုများသည် သမိုင်းတွင် မှတ်တိုင်အဖြစ်ရှိနေကြကြောင်း၊ ထို့ကြောင့်(၇၅)နှစ်တာကာလအတွင်း နိုင်ငံအကျိုးသယ်ပိုးခဲ့သူများကို ထိုက်တန်စွာ အသိမှတ်ပြုဂုဏ်ပြုသည့်အနေဖြင့် ဘွဲ့ထူး၊ ဂုဏ်ထူး၊ ဆုတံဆိပ်များကို နိုင်ငံတော်က ချီးမြှင့်ခဲ့ကြောင်း၊ မည်သို့သော သဘောထားကွဲလွဲမှုများဖြစ်ပါစေ နိုင်ငံအကျိုးဖော်ဆောင်ခဲ့သူများဖြစ်သည်ဆိုသည်ကို ပြောလိုကြောင်း။

(၇၅)နှစ်တာကာလအတွင်းတွင်လည်း နိုင်ငံရေးစနစ်အမျိုးမျိုး ကျင့်သုံးခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ **ဖြတ်သန်းခဲ့ရသည့် သမိုင်းအတွေ့အကြုံအရ မိမိတို့နိုင်ငံကို တည်ဆောက်ရာတွင် ပါတီစုံဒီမိုကရေစီစနစ် တစ်ခုတည်းနှင့်မပြည့်စုံဘဲ တိုင်းရင်းသားအားလုံးပေါင်းစည်းနေထိုင်ပြီး အခွင့်အရေးမျှဝေခံစားနိုင်သည့် ပြည်ထောင်စုစနစ် တည်ဆောက်သွားခြင်းသည် မိမိတို့နိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်**သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူက ၎င်းတို့ကို ကိုယ်စားပြုသည့်သူများကို ကိုယ်တိုင်ရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်ဆိုသည်မှာ မတူကွဲပြားနေသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆ သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ဟု ဆိုရာတွင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများက ရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်တွင် **ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများ အတူတကွပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အခြေခံဥပဒေအရ ပြဋ္ဌာန်းခွင့်များရရှိမည်ဖြစ်**ကြောင်း။

မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တာဝန်ထမ်းဆောင်မှုမျိုးကိုမဆို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းထားသည့်ဥပဒေအတိုင်း လေးစားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရန် အခြေခံသည် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဖြစ်ကြောင်း၊ ရွေးကောက်ပွဲမှတစ်ဆင့် ရရှိလာသည့်ရလဒ်များအရ လွှတ်တော်အသီးသီးနှင့် အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းတည်ဆောက်ပြီး နိုင်ငံတော်ယန္တရားကို လည်ပတ်ကြရကြောင်း။

**တိုင်းပြည်တည်ဆောက်ရေးကို ပုံဖော်နေ**

ထို့ကြောင့် နောင်ပြုလုပ်မည့်ရွေးကောက်ပွဲများတွင် တိုင်းရင်းသားများ၊ ဒေသများနှင့် နိုင်ငံအနှံ့ လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုသည့်သူများ ဝင်ရောက်အရွေးချယ်ခံနိုင်ရန်နှင့် နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရန် လိုအပ်သည်ကို ပြောကြားလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးလုပ်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်သည့် တိုင်းပြည်တည်ဆောက်ရေးကို ပုံဖော်နေခြင်းဖြစ်ကြောင်း။

**ငြိမ်းချမ်းမှုမရှိသည့်ဒေသတွင် ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ အလှမ်းဝေးနေမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များလည်း နိမ့်ကျနေမည်ပင်ဖြစ်**ကြောင်း၊ တိုင်းရင်းသားပေါင်းစုံနှင့် စုစည်းထားသည့် မိမိတို့ တပ်မတော်အနေဖြင့် လူမျိုးရေးခွဲခြားမှုဆိုသည်မှာ လုံးဝမရှိဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသားများ၏ လူမှုအကျိုးစီးပွားတိုးတက်မှုကိုသာ အဓိကလိုလားသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း ငါးဦးကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

*စာမျက်နှာ ၄ မှ*

ထို့ကြောင့် မိမိတို့ တပ်မတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ငြိမ်းချမ်းရေး မူဝါဒ (၆) ရပ်ကို ချမှတ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ အားသွန်ခွန်စိုက်ကြိုးပမ်းနေခြင်းဖြစ်ကြောင်း။

**တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိ**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ဟူသည့် အခြေခံအချက် ၂ ခုအပေါ်တွင် အခြေခံပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လက်တွေ့ကျကျတိုးတက်လာနိုင်စေရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိရာတွင် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ဒေသနှင့် တိုင်းပြည်အတွက် ပကတိလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ ထိုသို့ဆွေးနွေးရာတွင်လည်း ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ရလဒ်ကောင်းများ ရရှိခဲ့ကြောင်း။

ထို့ပြင် နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်သည့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံပြီး ဆောင်ရွက်သွားမည်ဖြစ်ခြင်းကြောင့် **NCA မှာ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း တပ်မတော်အနေဖြင့် တံခါးဖွင့်ပေးထားပြီး ကြိုဆိုလျက်ရှိ**ကြောင်း၊ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးမူဝါဒကို လေးစားတန်ဖိုးထားပြီး ပေါင်းစည်းညီညွတ်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ဖော်ဆောင်နိုင်ရန်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် မိမိကျရာ အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ခေါင်းဆောင်ငယ်များ ဖြစ်လာကြမည့်သူများဖြစ်သည့်အတွက် ခေါင်းဆောင်မှု အင်္ဂါရပ်များနှင့်အညီ ကျင့်ကြံအားထုတ်နေထိုင်ပြီး **အမိစစ်တက္ကသိုလ်၏ ဂုဏ်ကို ဆောင်နိုင်သော လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် နောင်တစ်ခေတ်၏ ခေါင်းဆောင်ကောင်းများ ဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း** မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ်၊ ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း ငါးဦးကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် သင်တန်းတက်ရောက်ရသည့် လေးနှစ်တာကာလတစ်လျှောက်လုံး စာပေပညာ၊ စစ်ပညာတို့တွင်ကြိုးစားအားထုတ်ခဲ့မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိခဲ့ကြခြင်းဖြစ်ကြောင်း၊ **မိမိဘဝ တိုးတက်မှုရှိစေရေး ကြိုးစားအားထုတ်နိုင်မှု၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းကောင်းမွန်မှု စသည့် အခြေခံ အလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် ဆက်လက်ကြိုးစားအားထုတ်သွားကြရမည်ဖြစ်**ကြောင်း၊ ကြိုးစားအားထုတ်မှုကို ဆက်လက်ထိန်းသိမ်းနိုင်မှုမရှိပါက ပန်းတိုင်မရောက်မီ လမ်းခုလတ်၌ ဆုံးရှုံးမှုများကိုဖြစ်ပေါ်စေနိုင်သည့်အတွက် မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ မျှော်မှန်းချက်များ မဆုံးရှုံးစေရန်၊ တိုင်းပြည်နှင့် တပ်မတော်အတွက် ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်၍ ဆက်လက်ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

**ခေါင်းဆောင်မှုကောင်းမှသာလျှင် နိုင်ငံတစ်ခု၊ တပ်မတော်တစ်ခုကို ဦးဆောင်နိုင်မည်ဖြစ်ပြီး နောက်လိုက်ကောင်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် သင်ကြားပေးလိုက်သည့် ရလဒ်ကောင်းများကို ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ ပြန်တမ်းဝင်အရာရှိခန့်အပ်ပွဲပြီးပါက Under-Training ကာလပြီးဆုံးပြီဖြစ်ပြီး မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်မှု Self-Control ဖြင့်သာ ဘဝကို လျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို စောင့်ထိန်းနိုင်မှုသည် အရေးကြီးပြီး စောင့်ထိန်းနိုင်မှုမရှိခြင်းကြောင့် ဆုံးရှုံးမှုကြီးမားခဲ့မှုများ များစွာရှိကြောင်း။

ထူးချွန်ဆုရ ဗိုလ်လောင်းများ၏ မိဘများသည် တောင်သူလယ်သမားများ၊ သာမန် အခြေခံမိသားစုများပင်ဖြစ်သည်ကို တွေ့ရှိရပြီး ယခုကဲ့သို့ ထူးချွန်ထက်မြက်သူများဖြစ်လာစေရေး ငယ်စဉ်ကတည်းကပင် ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သည့် မိဘများ၏ ကျေးဇူးကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ **ဗိုလ်လောင်း သင်တန်းလေးနှစ်တာ ကာလအတွင်း တပ်မတော်၏ ခေါင်းဆောင်ငယ်များ ဖြစ်လာစေရေး လေ့ကျင့်မွေးထုတ်ပေးခဲ့သည့် တပ်မတော်နှင့် အမိစစ်တက္ကသိုလ်၏ ကျေးဇူးကိုလည်း မမေ့ရန်လို**ကြောင်း၊ မိဘများ၏စကားကို နားထောင်ခြင်း၊ မိဘကို စိတ်ချမ်းသာအောင်ထားရှိခြင်း၊ မိမိတတ်နိုင်သရွေ့ ကျွေးမွေးစောင့်ရှောက်ခြင်းတို့သည် မိဘကျေးဇူးကို ဆပ်ခြင်းပင်ဖြစ်သကဲ့သို့ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ခြင်း၊ စစ်သားကောင်း တစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံခြင်းအားဖြင့်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ကျေးဇူးကို ဆပ်ရာရောက်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရတနာသုံးပါးလည်း မမေ့ရန်နှင့် စောင့်ထိန်းအပ်သည်များကို စောင့်ထိန်းလိုက်နာရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ရှေ့ဆက်လျှောက်လှမ်းရမည့် ဘဝတစ်လျှောက်လုံးတွင် မိမိကိုယ်ကို အလိုမလိုက်ရန်နှင့် မိမိလက်အောက်ကိုလည်း အလိုမလိုက်ရန်လိုကြောင်း၊ ခေါင်းဆောင်ကောင်း တစ်ယောက်ပီသစွာဖြင့် စံနမူနာပြဖြစ်အောင်နေထိုင်ပြုမူပြီး မိမိလက်အောက်ကို ထိန်းသိမ်းစောင့်ရှောက်ကာ လိုအပ်သည်များ ထိန်းကျောင်းပေးရမည်ဖြစ်ကြောင်း အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❋ **မိမိဘဝ တိုးတက်မှုရှိစေရေး ကြိုးစားအားထုတ်နိုင်မှု၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းကောင်းမွန်မှု စသည့်အခြေခံ အလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် ဆက်လက်ကြိုးစားအားထုတ်သွားကြရမည်**

❖ **ခေါင်းဆောင်မှုကောင်းမှသာလျှင် နိုင်ငံတစ်ခု၊ တပ်မတော်တစ်ခုကို ဦးဆောင်နိုင်မည်ဖြစ်ပြီး နောက်လိုက်ကောင်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်၊ သင်ကြားပေးလိုက်သည့် ရလဒ်ကောင်းများကို ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းသွားကြရန်လို**

❋ **နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမည်၊ နိုင်ငံတော်ကာကွယ်ရေးသည် အနိမ့်ဆုံးအဆင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရန်ဖြစ်ပြီး တပ်မတော်သားများသည် ကိုယ်ပိုင်ဆန္ဒနှင့်အညီ အများအကျိုးအတွက် ကာကွယ်ရေးတာဝန် ထမ်းဆောင်နေခြင်းဖြစ်**

◆ **မိမိတို့ တပ်မတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ငြိမ်းချမ်းရေး မူဝါဒ (၆)ရပ်ကို ချမှတ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ အားသွန်ခွန်စိုက်ကြိုးပမ်းနေခြင်းဖြစ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားတွင် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်း စားရိပ်သာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။**

### တက်ရောက်

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင် တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် စစ်တက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည့်တော်များ တက်ရောက်ကြသည်။

### ဂုဏ်ပြုညစာ အတူတကွ သုံးဆောင်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်း အရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

### ကြည့်ရှုအားပေး

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းဆင်း အရာရှိများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



# စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်း ဗိုလ်လောင်းများ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၄) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြသည်။ ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်သည်။(ဓာတ်ပုံ)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

## တစ်နိုင်ငံလုံး ကော်ဖီစိုက်ဧက ၄၉၀၀၀ ခန့်ရှိပြီး စိုက်ဧကတိုးချဲ့ခြင်းထက် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များအား တွေ့ဆုံပွဲတွင် ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော်  ဒီဇင်ဘာ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များအား ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများကို ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှမိုးနှင့် ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကော်ဖီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

### ပြင်ဦးလွင်ဒေသ၌ စိုက်ပျိုးမြေအသုံးချထားရှိမှု၊ မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိမှုနှင့် အထွေထွေလိုအပ်ချက်များတင်ပြဆွေးနွေး

ဦးစွာ စိုက်ပျိုးရေးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင်ထွန်းက မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိမှု၊ ပြင်ဦးလွင်မြို့နယ်အတွင်း ကော်ဖီနှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှု၊ စိုက်ပျိုးမြေအသုံးချထားရှိမှုနှင့် မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိမှု၊ ကော်ဖီစိုက်ပျိုးရန် ခွင့်ပြုထားသည့် စိုက်ပျိုးမြေများပေါ်တွင် ကော်ဖီများ စနစ်တကျ စိုက်ပျိုးရေး စည်းကမ်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်ဖီလုပ်ငန်းရှင်များက ပြည်တွင်းမှထွက်ရှိသည့် ကော်ဖီများ ပြည်တွင်းနှင့် ပြည်ပဈေးကွက်သို့ ဖြန့်ဖြူးရောင်းချလျက်ရှိမှု၊ ကော်ဖီထုတ်လုပ်မှုလုပ်ငန်းအတွက် ဆောင်ရွက်ပေးရန်လိုအပ်မှု၊ ကော်ဖီစိုက်ပျိုးမြေများတွင်စိုက်ပျိုးရေး၊ ထုတ်လုပ်ရေးနှင့် ပတ်သက်၍သတ်မှတ်အဆောက်အဦများ ဆောက်လုပ်မှုအပေါ် စနစ်တကျဖြင့် ပြန်လည်စိစစ်ပေးရန်လိုအပ်မှု၊ ကော်ဖီထွက်ကုန်များအပေါ် သင့်လျော်သည့် အခွန်သက်သာခွင့်ရရှိရန်လိုအပ်မှု၊ လုပ်ငန်းသုံး မော်တော်ယာဉ်များကိစ္စ၊ ကော်ဖီများစိုက်ပျိုးလျက်ရှိမှုနှင့် မတည်ချေးငွေများပံ့ပိုးပေးရန် လိုအပ်မှုတို့နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

### တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးပြောကြား

ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကော်ဖီစီမံကိန်းကို တပ်မတော်အစိုးရလက်ထက်ကတည်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းအောင်မြင်စေရန်အတွက် မိမိတာဝန်ယူဆောင်ရွက်ချိန်တွင် ပြန်လည်စိစစ်ဆောင်ရွက်ခဲ့ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကော်ဖီစီမံကိန်းမြေများတွင် ကော်ဖီစိုက်ဧကများအလိုက် ပြည့်ဝစွာစိုက်ပျိုးရန်နှင့် စည်းကမ်းတကျရှိစေရေး စည်းမျဉ်းစည်းကမ်း၊ ဥပဒေများနှင့်အညီ စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

ပြင်ဦးလွင်ဒေသ ကော်ဖီစိုက်ပျိုးရေးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသစီးပွားရေးကို အထောက်အကူပြုသည့် လုပ်ငန်းဖြစ်သဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော်ဖီစိုက်ပျိုးရေးနှင့် ပတ်သက်သည့် ECO Tourism ဖြစ်မြောက်စေရေးနှင့် အခွန်ကိစ္စများကို စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ GAP လက်မှတ်များကို စည်းကမ်းနှင့်အညီ စနစ်တကျထုတ်ပေးလျက်ရှိကြောင်းနှင့် အလေ့အကျင့်ကောင်းများ ရရှိလာသည်နှင့်အညီ ဖြေလျှော့မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

### ပြည်ထောင်စုဝန်ကြီးများက ပြင်ဦးလွင်မြို့နယ်အတွင်း ကော်ဖီစိုက်ပျိုးမှုနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြ

ထို့နောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီတို့က ပြင်ဦးလွင်မြို့နယ်အတွင်း ကော်ဖီစိုက်ပျိုးမှုနှင့် ပတ်သက်၍ လုပ်ငန်းရှင်များတင်ပြသည့် လိုအပ်ချက်များကို အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ကော်ဖီစိုက်ပျိုးရန် ရယူထားသည့် မြေဧရိယာများအား အမှန်တကယ် စိုက်ပျိုးမှုရှိရန်နှင့် အခြားနည်းဖြင့် အသုံးချမှုမရှိရန် လိုအပ်သည့် အခြေအနေများ၊ အမှန်တကယ် စိုက်ပျိုးမှုမရှိသည့် စာချုပ်ပါ စည်းကမ်းများအား လိုက်နာခြင်းမရှိသည့် လုပ်ငန်းရှင်များပိုင်ဆိုင်သည့် ကော်ဖီစိုက်မြေဧရိယာများအား သတိပေးချက်များ အကြိမ်ကြိမ်ထုတ်ပြန်၍ ကြပ်မတ်ဆောင်ရွက်ခဲ့ရသည့် အခြေအနေများ၊ ကော်ဖီ စိုက်ပျိုးရာတွင် လိုအပ်သည့် နည်းပညာနှင့် သွင်းအားစုများ၊ အရင်းအနှီးများအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းရယူရန် လိုအပ်သည့် အခြေအနေများကို တင်ပြကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်လာသည့် ကော်ဖီလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

*စာမျက်နှာ ၁၀ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အမျိုးသားကန်တော်ကြီးဥယျာဉ်ဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း ထိန်းသိမ်းထားရှိမှုတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ဥယျာဉ်သန့်ရှင်းသာယာလှပရေး စဉ်ဆက်မပြတ် ဆောင်ရွက်

ဦးစွာ ဥယျာဉ်ရှင်းလင်းဆောင်ခန်းမတွင် ဥယျာဉ်မှ တာဝန်ရှိသူများက အမျိုးသားကန်တော်ကြီးဥယျာဉ်ဆိုင်ရာ အချက်အလက်များ၊ ဥယျာဉ်အတွင်းရှိ ရေကန်များ၌ သစ်ပင်သစ်တောများ ပြုန်းတီးခြင်းကြောင့် ရေအရင်းအမြစ်များ အားနည်းလာခြင်း၊ သဘာဝရေထွက်များမှ ရေထွက်ရှိမှုမရှိခြင်း၊ ဒေသတွင်း အပူချိန်နှုန်းထား မြင့်မားလာခြင်း၊ ရေဝင်ပေါက်များမှ ရေဝင်ရောက်မှု အားနည်းခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ဥယျာဉ်အတွင်းရှိ ရေကန်များတွင် ရေခန်းခြောက်မှုများ ကြုံတွေ့ခဲ့ရသည့် အခြေအနေများ၊ ထိုသို့ ကြုံတွေ့ခဲ့ရမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ်အတွင်း လာရောက်ခဲ့သည့် ခရီးစဉ်လမ်းညွှန်ချက်နှင့်အညီ ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များသို့ ရေဝင်ရောက်သည့် ရေဝင်ပေါက်များ၊ စိမ့်စမ်းနေရာများ၊ မြေအောက်ရေနုတ်မြောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ၊ ရေလမ်းကြောင်းထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့မှုကြောင့် ရေဝင်ပေါက်များမှ ရေများ ပြန်လည်စီးဝင်လျက်ရှိသည့် အခြေအနေများ၊ ဥယျာဉ်သန့်ရှင်းသာယာလှပရေးအတွက် ဥယျာဉ်ဝန်ထမ်းများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ (၁၅)ကြိမ်မြောက် ပန်းပွဲတော် ကျင်းပပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကန်တော်လေးရေပိုလွှဲ တိုးချဲ့တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကန်တော်ကြီးဥယျာဉ်သည် ဥယျာဉ်အတွင်းရှိ ကန်များ၌ ရေများပြည့်လျှံပြီး သစ်ပင်ပန်းမန် အလှအပများဖြင့် လှပနေသည့်အတွက် ယင်းရေကန်ကြီးကို အစွဲပြုပြီး ကန်တော်ကြီးဥယျာဉ်ဟု ခေါ်ဆိုခြင်းဖြစ်ကြောင်း၊ ဥယျာဉ်၏အသက်သည် ရေကန်များပင်ဖြစ်ကြောင်း၊ ဥယျာဉ်သို့ လာရောက်လည်ပတ်သူများကို အဓိကဆွဲဆောင်ထားသည့် ရေကန်များ သာယာလှပရန်နှင့် ရေကိုစနစ်တကျ ထိန်းသိမ်းထားရှိမှသာလျှင် လာရောက်လည်ပတ်သူများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ရေဝင်ရောက်ရန်နှင့် ရေကိုထိန်းသိမ်းနိုင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်၍ ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း။

## ဒေသမျိုးရင်းပန်းများ ဖော်ထုတ်စိုက်ပျိုး

ရေကန်တို့တွင် လူလုပ်ရေကန်နှင့် သဘာဝ အလျောက်ဖြစ်ပေါ်နေသည့် ရေကန်ဟူ၍ရှိပြီး ကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ရေကန်များသည် နှစ်မျိုးလုံး ပေါင်းစပ်ထားရှိသည့် ရေကန်အမျိုးအစားများဖြစ်ကြောင်း၊ ယင်းကို ပန်းခြံများဖြင့် အလှဆင်ထားခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့ကို တောင်ပေါ်အပန်းဖြေမြို့တော်၊ ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဟု ခေါ်ဆိုကြသည်နှင့်အညီ ဒေသမျိုးရင်းပန်းများ ဥယျာဉ်အတွင်း မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဖူးပွင့်လှပနေစေရေး ဖော်ထုတ်စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ဒေသမျိုးကို ထိန်းသိမ်းနိုင်ရန်နှင့် ခိုင်မာမှုရှိရန် ပန်းသုတေသနခြံကိုလည်း ဆောင်ရွက်ရန် လိုကြောင်း၊ ဆယ့်နှစ်လရာသီပတ်လုံး ဖူးပွင့်နိုင်သည့် ပန်းမျိုးစုံရှိသည့်အတွက် ဒေသသို့ လာရောက်သည့် ခရီးသွားအပန်းဖြေသူဧည့်သည်များ မည်သည့်အချိန်တွင် လာရောက်သည်ဖြစ်စေ စိတ်ချမ်းသာမှုရှိစေရေး ပန်းများအမြဲမပြတ် ဖူးပွင့်လှပနေအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပန်းတို့၏ သဘောသည် လူကိုလန်းဆန်းစေပြီး ကန်ရေပြင်နှင့် အေးမြလတ်ဆတ်သည့် ရေထု၊ လေထုတို့ဖြင့် မြို့ကို လာရောက်သူများ စိတ်အေးချမ်းမှုရရှိစေရန် ပေးစွမ်းနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကန်တော်ကြီးဥယျာဉ် စိမ်းလန်းစိုပြည်စေရေး၊ ရေကန်များ ရေဝင်ရေထွက်ကောင်းမွန်စေရေး တာဝန်ရှိသူတို့က ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကန်တော်လေးရေပိုလွှဲ တိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ

*စာမျက်နှာ ၉ သို့*







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) သမိုင်းအကျဉ်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၈ မှ*

တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ အမျိုးသားကန်တော်ကြီးဥယျာဉ်တော်အတွင်းရှိ ရေကန်များသို့ ယခင်နှစ်ပိုင်းက ရေဝင်ရောက်မှုများ နည်းပါးနေသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလ၊ ၂၀၂၂ ခုနှစ် ဧပြီလတို့အတွင်း ပြင်ဦးလွင်မြို့သို့ လာရောက်သည့် ခရီးစဉ်များတွင် ကန်တော်ကြီးရေကန်များ၏ ရေဝေရေလဲကောင်းမွန်စေရေးနှင့် ရေဝင်ရောက်မှုများပြားစေရေးအတွက် ဥယျာဉ်တော်အတွင်းနှင့် ရေဝေရေလဲဧရိယာအတွင်းရှိ ညောင်နီရေထွက်အပါအဝင် သဘာဝရေထွက်များကို လိုက်လံကြည့်ရှုလမ်းညွှန်မှာကြားချက်အရ သက်ဆိုင်ရာဌာနများက ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် ကန်တော်ကြီးအတွင်း ရေဝင်ရောက်မှုမှာ ယခင်နှစ် စစ်ဆေးစဉ် ရေလှောင်ကန်အတွင်း ကန်ရေအနက်ပေ ၁၆ ပေသာရှိခဲ့ရာမှ ယခုအခါတွင် ၃၁ ဒသမ ၈ ပေသို့ ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် ကန်အမှတ် ၁ တွင် ရေပြည့်အမှတ် ၆ ပေရှိသည့်အနက် လက်ရှိရေအမှတ် ၆ ဒသမ ၅ ပေ၊ ကန်အမှတ် ၂ တွင် ရေပြည့်အမှတ် ၇ ပေရှိသည့်အနက် လက်ရှိရေအမှတ် ၇ ပေ၊ ကန်အမှတ် ၃ တွင် ရေပြည့်အမှတ် ၁၁ ပေရှိသည့်အနက် လက်ရှိရေအမှတ် ၈ ဒသမ ၈ ပေရှိကြောင်း သိရှိရပြီး ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းတွင်လည်း ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**■ ဆယ့်နှစ်လရာသီပတ်လုံး ဖူးပွင့်နိုင်သည့် ပန်းမျိုးစုံရှိသည့်အတွက် ဒေသသို့ လာရောက် သည့် ခရီးသွားအပန်းဖြေသူဧည့်သည်များ မည်သည့်အချိန်တွင် လာရောက်သည်ဖြစ်စေ စိတ်ချမ်းသာမှုရှိစေရေး ပန်းများအမြဲမပြတ် ဖူးပွင့်လှပနေအောင် စီမံဆောင်ရွက်ရမည်**

**■ ကန်တော်ကြီးဥယျာဉ် စိမ်းလန်းစိုပြည်စေရေး၊ ရေကန်များ ရေဝင် ရေထွက်ကောင်းမွန်စေရေး တာဝန်ရှိသူတို့က ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်**

**စိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရေး အမြဲသန့်ရှင်းသာယာလှပအောင် ဆောင်ရွက်**

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) သမိုင်းအကျဉ်း၊ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ အများပြည်သူများ လာရောက်အပန်းဖြေမှု အခြေအနေများ၊ တောတွင်းလျှောက်လမ်းများ တိုးချဲ့ရန် ဆောင်ရွက်နေမှုနှင့် Sky Cable တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပန်းဖြေစခန်းအတွင်း ပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရေးအတွက် အမြဲသန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ရန်နှင့် တောတွင်းလျှောက်လမ်းများတွင် ရေညှိများကပ်ငြိမှု မရှိစေရေး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Sky Cable တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) အတွင်း လှည့်လည်ကြည့်ရှုကာ လာရောက်အပန်းဖြေအနားယူနေကြသည့် ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဆင်ကလေးများ၏ ကျွမ်းကျင်မှုနှင့် အလှပြ ပြကွက်များကို ကြည့်ရှုအားပေးကာ အစာကျွေးကြပြီး ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် ရေတံခွန်သို့ လာရောက်လည်ပတ် အပန်းဖြေသူများ သဘာဝတောတွင်း အလှအပများကို လှည့်လည်ကြည့်ရှုနိုင်ရန် ဖောက်လုပ်ထားသည့် တောတွင်းလျှောက်လမ်းအား လှည့်လည်ကြည့်ရှုပြီး Sky Cable ဆင်းသက်မည့်နေရာ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သဘာဝရေသန့်စင်စနစ်ကို အသုံးပြုထား ကျန်းမာရေးနှင့် ညီညွတ်စွာ ရေကစားမှုပြုနိုင်**

ပွဲကောက်ရေတံခွန်သည် ယခင်က စနစ်ကျသည့် အကွက်ချမှုမရှိခြင်း၊ ဈေးဆိုင်ခန်းများ များပြားလာခြင်း၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း၊ သစ်ပင်များ ခုတ်လှဲခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအရ အဆင့်မြှင့်တင်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေတံခွန်အတွင်း ရေသန့်စင်စေရေး သဘာဝရေသန့်စင်စနစ်ကို အသုံးပြုထားသဖြင့် ရေကစားလိုသူများအနေဖြင့်လည်း သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ ရေကစားမှုပြုနိုင်မည်ဖြစ်ကြောင်း၊ အပန်းဖြေစခန်းအတွင်း ရေတံခွန် သုံးခုရှိပြီး မြန်မာနိုင်ငံတွင် ပထမဆုံး LED မှန်တံတားကိုလည်း ကမ္ဘာ့အဆင့်မီစွာဖြင့် ထည့်သွင်းဆောက်လုပ်ထားကာ မှန်တံတားအောက်ခြေ ရှုခင်းများကို ရင်ခုန်စိတ်လှုပ်ရှားစွာ ခံစားနိုင်မည်ဖြစ်ကြောင်း၊ ပန်းမြို့တော်၊ ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ ပန်းမျိုးစုံကို စိုက်ပျိုးထားရှိပြီး နှစ်စဉ်ပန်းပွဲတော်များကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လာရောက်လည်ပတ်သူများ စိတ်အပန်းပြေစေရန် ရည်ရွယ်၍ အဆင့်မြှင့်တင်ဆောင်ရွက်ထားပြီး မှန်တံတား၊ ကြိုးတံတားများအပြင် log house၊ coffee shop၊ တောတွင်းလျှောက်လမ်းများ၊ အပန်းဖြေနေရာများ၊ ကလေးကစားကွင်းများ စသည်တို့ကို ပြည့်စုံအောင် ထည့်သွင်း အဆင့်မြှင့်တင်ထားရှိသည့်အပြင် ယခုအခါတွင် အရှည် ၅၅၄ မီတာရှိ Sky Cable ကိုလည်း တည်ဆောက်လျက်ရှိပြီး မကြာမီအချိန်အတွင်း ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Sky Cable တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းအတွင်းရှိ ဆင်ကလေးများကို အစာကျွေးစဉ်။

*စာမျက်နှာ ၇ မှ*

### ပြည်တွင်းမှရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံအဝန်း လိုက်လံကြည့်ရှု အားပေးဆောင်ရွက်လျက်ရှိရာ ၁၀ ကြိမ်ခန့် ရှိပြီဖြစ်ကြောင်းနှင့် ယင်းလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များကို မကြာခဏတွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးခြင်း၊ ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်း စသည့်အချက် ၄ ချက်ဖြင့် ပြည့်စုံရန်လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုဟူ၍ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ရာတွင် ကုန်ကြမ်းအခက်အခဲရှိမှု၊ လူသားအရင်းအမြစ်ကောင်းများ လိုအပ်မှုတို့ကို တင်ပြကြကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သည့် ကုန်ကြမ်းကို ပြည်တွင်းမှ ကုန်ကြမ်းအစား ပြည်ပမှ မှာယူသုံးစွဲနေပါက အခက်အခဲများ ဖြစ်ပေါ်စေနိုင်မည်ဖြစ်ပြီး စဉ်ဆက်မပြတ်သည့် ထုတ်လုပ်မှုဖြစ်နိုင်ရန် ခက်ခဲမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းမှရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း။

### မျိုး၊ မြေ၊ ရေ၊ နည်း

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေကောင်းမွန်ရေး၊ ရေလုံလောက်စွာရရှိရေးနှင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန်ရန် အဓိကလိုအပ်ကြောင်း၊ ကော်ဖီနှင့်ပတ်သက်၍ စိုက်ပျိုးရေးအပိုင်း၊ ထုတ်လုပ်ရေးအပိုင်း၊ ရောင်းဝယ်ရေးအပိုင်းဟူ၍ ရှိမည်ဖြစ်ပြီး စတင်စိုက်ပျိုးမှုမစတင်မီကပင် ရေရှည်ကိုကြည့်၍ ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ကေအတွင်း ဝင်ဆံ့နိုင်မည့် အပင်အရေအတွက် ပြည့်မီမှန်ကန်မှုရှိစေရေး၊ ကုန်ထုတ်လမ်းများ ပါဝင်ရေးတို့ကအစ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးမှသာလျှင် အထွက်နှုန်းနှင့် အရည်အသွေးလည်း ကောင်းမွန်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများ ကောင်းမွန်ရေးအတွက် မြေပြင်ဆင်မှုများကိုလည်း ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ကော်ဖီသည် စိုစွတ်သောရာသီဥတုကို ကြိုက်နှစ်သက်ပြီး ရေရရှိမှုလည်း ပြည့်မီရန်လိုကြောင်း၊ ဓာတ်မြေဩဇာကျွေးမွေးမှုလည်း စနစ်ကျန၍ မှန်ကန်ရမည်ဖြစ်ပြီး မြေဩဇာအတွက် ဒေသတွင်း မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများဖြင့် ဇီဝမြေဩဇာများပြုလုပ်ကာ အကျိုးရှိရှိ အသုံးချစေလိုကြောင်း၊ စိုက်နည်းစနစ်များလည်း မှန်မှန်ကန်ကန် ဖြစ်စေလိုကြောင်း၊ ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းသည် အရင်းအနှီးများ၍ ကာလရှည်လုပ်ငန်းဖြစ်ပြီး အချိန်တစ်ခုပေးရသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အောင်မြင်အောင် လုပ်ဆောင်ရမည်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပဈေးကွက်များကိုလည်း အမြဲမပြတ်လေ့လာနေရန် လိုကြောင်း။

ကော်ဖီစိုက်ပျိုးမှုနှင့် ပတ်သက်၍ သာမန်စိုက်ပျိုးမှုဖြင့် ကျေနပ်နေ၍မရဘဲ စနစ်ကျနသည့် စိုက်ပျိုးမှုစနစ်ရှိရမည်ဖြစ်သကဲ့သို့ လိုအပ်သည့် သွင်းအားစုများကိုလည်း မှန်မှန်ကန်ကန် ထည့်သွင်းရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးမှသာလျှင် အရည်အသွေးကောင်းမွန်သည့် ကော်ဖီရရှိမည်ဖြစ်ပြီး ကော်ဖီထုတ်ကုန်များ ဈေးကွက်ရရှိရေးနှင့် အရည်အသွေးမြင့်ထုတ်ကုန်ဖြစ်စေရေး အစိုးရက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

### ဒေသနှင့် တိုင်းပြည်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်

❖ **မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးထုတ်ကုန်များစွာရှိပြီး ရာသီသီးနှံ၊ နှစ်ရှည်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ ဟူ၍ရှိကြောင်း၊ ကော်ဖီသည် နှစ်ရှည်သီးနှံတွင်ပါရှိပြီး ကမ္ဘာတစ်ဝန်း သောက်သုံးကြသည့် ဈေးကွက်ရှိသည့် သီးနှံတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက ကော်ဖီသည် တိုင်းပြည်အတွက်၊ ဒေသအတွက် အကျိုးရှိမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိုက်ပျိုးရန်လည်း လိုအပ်မည် ဖြစ်ပြီး ထိထိရောက်ရောက်ဖြင့် အောင်မြင်အောင်လုပ်ဆောင်**

မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးထုတ်ကုန်များစွာရှိပြီး ရာသီသီးနှံ၊ နှစ်ရှည်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ ဟူ၍ရှိကြောင်း၊ ကော်ဖီသည် နှစ်ရှည်သီးနှံတွင် ပါရှိပြီး ကမ္ဘာတစ်ဝန်း သောက်သုံးကြသည့် ဈေးကွက်ရှိသည့် သီးနှံတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက ကော်ဖီသည် တိုင်းပြည်အတွက်၊ ဒေသအတွက် အကျိုးရှိမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ စိုက်ပျိုးရန်လည်း လိုအပ်မည်ဖြစ်ပြီး ထိထိရောက်ရောက်ဖြင့် အောင်မြင်အောင် လုပ်ဆောင်ကြစေလိုကြောင်း။

မိမိတို့ တစ်နိုင်ငံလုံးတွင် ကော်ဖီစိုက်ဧက ၄၉၀၀၀ ခန့်ရှိပြီး တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ရရှိလာသည့် အကျိုးအမြတ်သည်လည်း ကွာခြားသွားမည်ဖြစ်ကြောင်း၊ စိုက်ဧကတိုးချဲ့ခြင်းထက် အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခြင်းကို ပိုမိုအားပေးလိုကြောင်း၊ အထွက်နှုန်းများ တိုးတက်လာမည်ဆိုပါက ကော်ဖီမှရရှိသည့် ငွေကြေးများစွာ တိုးတက်လာမည်ဖြစ်ပြီး စိုက်ပျိုးတောင်သူများ၏ တစ်ဦးချင်းဝင်ငွေများ တိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကော်ဖီထွက်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ပြည်တွင်း၌ပင် တန်ဖိုးမြင့်ကုန်ချောအဖြစ်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ပါက ယခုထက် ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြန်မာ့ကော်ဖီဈေးကွက်ရရှိရေး မိမိအနေဖြင့် စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက် ကြော်ငြာခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ ဈေးကွက်လိုအပ်ချက်ကို ပြည့်မီနိုင်ရေးအတွက်လည်း ထုတ်လုပ်မှုများကို အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ပြည်တွင်းစားသုံးမှုကိုသာမက ပြည်ပသို့ တင်ပို့မှုအတွက်ပါ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်လိုကြောင်း၊ GAP နှင့် ISO လက်မှတ်များလည်းရရှိအောင် လုပ်ရန်လိုအပ်မည်ဖြစ်ကြောင်း။

ပြည်တွင်းကုန်ထုတ်လုပ်မှု အားပေးနိုင်ရန်၊ ပြည်ပသွင်းကုန်အစားထိုးရန်၊ ပြည်ပပို့ကုန်ရရှိစေရန် စသည့်အချက် ၃ ချက်ကို ရည်ရွယ်၍ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ချေးငွေနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများထက် သက်သာသော အတိုးနှုန်းထားဖြင့် နိုင်ငံတော်မှ ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ချေးငွေများထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း ထိုက်သင့်သည့် အတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်ပမှ စက်သုံးဆီနှင့် စားသုံးဆီများ နှစ်စဉ်တင်သွင်းနေရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စက်သုံးဆီနှင့် ဓာတ်မြေဩဇာများကို ပြည်ပမှ တင်သွင်းရခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ ဓာတ်မြေဩဇာများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝမြေဩဇာများ အသုံးပြုရန်လည်း တိုက်တွန်းလိုကြောင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိအနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ကော်ဖီလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်

နေပြည်တော် ဒီဇင်ဘာ ၂

**နိုင်ငံတော်အစိုးရ၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသော ဝန်ထမ်းများအား မိသားစုသဖွယ် အသိအမှတ်ပြုသောအားဖြင့် ကျင်းပပြုလုပ်သည့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ မိတ်ဆုံနေ့လယ်စာစားပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မိမိတို့ဝန်ကြီးဌာန၏ မဟာဗျူဟာ၊ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်းသည် ရာထူးအဆင့်အလိုက် ဝန်ထမ်းအားလုံး၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအားလုံးက နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် ပေးအပ်သော တာဝန်များကို ကျရာအခန်းကဏ္ဍမှ အလေးထား ကြိုးစား ဆောင်ရွက်ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍လည်း မိသားစုသဖွယ် ချစ်ခင်ရင်းနှီး ညီညွတ်စွာ လက်တွဲ၍ လုပ်ငန်းများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ပြီး နေ့လယ်စာကို ဝန်ထမ်းများနှင့်အတူ လက်ရည်တစ်ပြင်တည်း သုံးဆောင်ကြသည်။

အဆိုပါ မိတ်ဆုံနေ့လယ်စာစားပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဌာနအကြီးအကဲများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက် သုံးဆောင်ခဲ့ကြပြီး လစဉ် ကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဝန်ထမ်းများနှင့်အတူ မိတ်ဆုံနေ့လယ်စာ လက်ရည်တစ်ပြင်တည်း သုံးဆောင်စဉ်။

# နေပြည်တော် ပညာ့ရတနာ Naypyitaw State Academy

**တက္ကသိုလ်ဆရာတစ်ဦး**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ပညာရေးဝန်ကြီးဌာန Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ပညာရေးကို နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် အားပေးနေသည်ကို ပြသလိုက်ခြင်း ဖြစ်ပါသည်။**

ယနေ့ကမ္ဘာ့နိုင်ငံ အသီးသီးတွင် အစိုးရက ပညာရေးကို အားပေးလျက် ရှိပါသည်။ တိုးတက်သောတိုင်းပြည်တိုင်းသည် ပညာတတ်များပေါ်များပြီး နိုင်ငံအတွက် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးများ အပါအဝင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုများကို အဆိုပါပညာတတ်များက ဦးဆောင်ကူညီပေးနေသည်ကို တွေ့ရပါသည်။ ဤနေရာတွင် တက္ကသိုလ် ( University ) အကြောင်းကို အနည်းငယ်မျှ ရေးသားလိုပါသည်။

တက္ကသိုလ်ဆိုသည်မှာ ပညာပို့ချပေးရန်နှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ပံ့ပိုးပေးခြင်းနှင့် ဘွဲ့အပ်နှင်းခြင်း ပြုလုပ်နိုင်သော အဖွဲ့အစည်းကို ယူနီဗာစီတီ ( တက္ကသိုလ် ) ဟု ခေါ်သည်ဟု မှတ်သားဖူးပါသည်။

စာရေးသူသည် တက္ကသိုလ်နယ်မြေနှင့် ပညာရေးသုတေသန၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း စသည်တို့တွင် နှစ်ပေါင်း ၃၇ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ မြန်မာနိုင်ငံပညာရေးကို များစွာစိတ်ဝင်စားသဖြင့် လေ့လာခဲ့ဖူးပါသည်။

**တန်ဖိုးမဖြတ်နိုင်သောရတနာ**

တက္ကသိုလ်ဆိုသည်မှာ နိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ရတနာဖြစ်ပါသည်။ တက္ကသိုလ်ကို အဆင့်မြှင့်တင်မည်ဆိုလျှင် နိုင်ငံစုံမှ အဆင့်မြင့်ထိပ်တန်းတက္ကသိုလ်များကို နမူနာယူ၍ လေ့လာသင့်ပါသည်။ တက္ကသိုလ်ကောင်းတစ်ခု၏ အင်္ဂါရပ်များကို အဖွဲ့အစည်းအသီးသီးမှ သက်ဆိုင်ရာ "စံ" သတ်မှတ်ချက်များနှင့် အကဲဖြတ်လေ့ ရှိကြပါသည်။ အများစုမှာ (၁) တက္ကသိုလ်၏ သုတေသနအရည်အသွေး၊ (၂) ဘွဲ့ရများ၏ အလုပ်အကိုင်အခြေအနေ၊ (၃) တက္ကသိုလ်၏ နိုင်ငံခြားဆက်ဆံရေး၊ (၄) တက္ကသိုလ်၏ ကျောင်းသားနှင့်ဆရာ အချိုးတို့ကို အဓိကအခြေခံပါသည်။

အဆင့်မြင့်တက္ကသိုလ်များတွင် ဂုဏ်ယူလောက်သော ပရဝဏ်နှင့် အဆောက်အအုံများရှိခြင်း၊ National Landmark များအဖြစ် တည်ရှိခြင်း၊ တော်သောဆရာ၊ တော်သောကျောင်းသားများကို ရွေးချယ်မွေးမြူကာ လေ့ကျင့်ပေးနေခြင်း၊ ကောင်းသောပညာဝန်းကျင် (Academic Atmosphere ) ရှိခြင်း၊ မိမိနှစ်သက်ရာ ပညာရပ်နယ်ပယ်ကို အထူးအလေးပြုကာ သုတေသနပြုနိုင်ရန် ငွေကြေးထောက်ပံ့မှုရှိခြင်း၊ စာကြည့်တိုက်ကောင်းရှိခြင်း၊ သုတေသနလုပ်ငန်းများ အတွက် ပစ္စည်းကိရိယာ စုံလင်ခြင်း၊ ကျောင်းသား ကျောင်းသူအဆောင်များ၊ မိသားစုနေအိမ်၊ စားသောက်ဆိုင်များ၊ ဈေးနှုန်းသင့်လျော်သော စတိုးဆိုင်များ၊ အားကစား အပန်းဖြေနည်းအစုံ၊ ဝါသနာပါရာ အနုပညာ လိုက်စားစရာ အစုံအလင်ရှိသော ပျော်ရွှင်ဖွယ်ရာ အဖွဲ့အစည်းဖြစ်ခြင်း စသည့်အချက်များ ပါဝင်ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy အဆောက်အအုံ ပုံစံငယ်များကို ကြည့်ရှုစဉ်။

> **" မြန်မာနိုင်ငံ၌ ရန်ကုန်တက္ကသိုလ်သည်တစ်ချိန်က အာရှတိုက်တွင် ဂုဏ်ယူခဲ့ရသောတက္ကသိုလ် ဖြစ်ပါသည်။ ယခုအခါတွင်လည်း ထိုအခြေအနေကိုရောက်ရှိရန် ကြိုးစားနေကြပါသည်။ နေပြည်တော်မြို့တော်သည် ဝန်ကြီးဌာနပေါင်းစုံ ရုံးစိုက်ရာမြို့တော်ဖြစ်သဖြင့် ဝန်ကြီးဌာနအသီးသီးရှိ ကျွမ်းကျင်ပညာရှင်ကြီးများက Naypyitaw State Academy ကို သက်ဆိုင်ရာပညာရပ်နယ်ပယ်အသီးသီးတွင် ပါဝင်ကူညီဆောင်ရွက်ကာ အားဖြည့်ပေးမည်ဖြစ်ပါသည် "**

**တက္ကသိုလ်နှင့် အကယ်ဒမီ**

ယခုဖွင့်လှစ်လျက်ရှိသော Naypyitaw State Academy တွင် အကယ်ဒမီကျောင်းတစ်ခု၏ လိုအပ်ချက်များကို နိုင်ငံတော်က အတတ်နိုင်ဆုံး ပံ့ပိုးပေးထားသည်ကို တွေ့ရပါသည်။ တက္ကသိုလ်နှင့် အကယ်ဒမီသည် ပညာရပ်များကို သင်ကြားပေးသည့်နေရာများ ဖြစ်ပါသည်။ အကယ်ဒမီသည် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ပိုမိုဦးစားပေးသင်ကြားပေးပါသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ကျောင်းသားများအား တတ်ကျွမ်းနားလည်အောင် သင်ကြားပေးနိုင်သော ဆရာ ဆရာမကောင်းများစွာဖြင့် သင်ကြားပေးပြီး ဘွဲ့ရပြီးပါက သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် ထူးချွန်သည့် အတတ်ပညာရှင်၊ အသိပညာရှင်များဖြစ်ရန် မွေးထုတ်ပေးနေသည့်နေရာ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပညာရေးဝန်ကြီးဌာနအောက်၌ တက္ကသိုလ်ဒီဂရီကောလိပ် ၇၅ ကျောင်းနှင့် ဝန်ကြီးဌာန ၁၁ ခု၏ တက္ကသိုလ်ဒီဂရီကောလိပ်ကျောင်းများ အပါအဝင် စုစုပေါင်း ၁၇၅ ကျောင်းကို ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က "ကြောင်းကျိုးဆက်စပ်တွေးခေါ်မှုကို အခြေခံသည့် သင်ကြားသင်ယူမှုကို အလေးထားအားပေးပြီး အသုံးချသုတေသနများနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖော်ဆောင်ပေးနိုင်မည့် ပညာရှင်များ မွေးထုတ်ပေးရာ ဦးဆောင်တက္ကသိုလ် ဖြစ်စေရန်အတွက် ဦးတည်ချက်ထား ကြိုးပမ်းသွားကြရမည် " ဟု Naypyitaw State Academy ဖွင့်ပွဲတွင် ထည့်သွင်း ပြောကြားသွားပါသည်။ ဤအချက်မှာ နိုင်ငံတော်အကြီးအကဲက နိုင်ငံအကျိုးပြု ထိပ်တန်းတက္ကသိုလ်ဖြစ်ရန် လိုအပ်ချက်ကို အသိပေးလမ်းညွှန်သွားခြင်းပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ ရန်ကုန်တက္ကသိုလ်သည် တစ်ချိန်က အာရှတိုက်တွင် ဂုဏ်ယူခဲ့ရသောတက္ကသိုလ် ဖြစ်ပါသည်။ ယခုအခါတွင်လည်း ထိုအခြေအနေကို ရောက်ရှိရန် ကြိုးစားနေကြပါသည်။ နေပြည်တော်မြို့တော်သည် ဝန်ကြီးဌာနပေါင်းစုံ ရုံးစိုက်ရာမြို့တော်ဖြစ်သဖြင့် ဝန်ကြီးဌာနအသီးသီးရှိ ကျွမ်းကျင်ပညာရှင်ကြီးများက Naypyitaw State Academy ကို သက်ဆိုင်ရာပညာရပ်နယ်ပယ်အသီးသီးတွင် ပါဝင်ကူညီဆောင်ရွက်ကာ အားဖြည့်ပေးမည် ဖြစ်ပါသည်။ နေပြည်တော်ကောင်စီနယ်မြေရှိ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းသားသမီးများအတွက် အိုးမကွာ၊ အိမ်မကွာ တက်ရောက်ပညာသင်ကြားနိုင်သည့် အခွင့်အရေးလည်း ရရှိနိုင်ပါသည်။

နိုင်ငံတော်အစိုးရ၏ အားပေးမှုနှင့် ယခုဖွင့်လှစ်လိုက်သော Naypyitaw State Academy ကြီးကို တက္ကသိုလ်ဆရာ ဆရာမများ၊ စီမံခန့်ခွဲရေးဝန်ထမ်းများ၊ တက္ကသိုလ်နယ်မြေဝန်ထမ်းများက ပညာသင်ကြားရန် တက်ရောက်နေသော ကျောင်းသား ကျောင်းသူများနှင့်အတူ နိုင်ငံတော်အဆင့်မှသည် ကမ္ဘာ့အဆင့်ထိပ်တန်းပညာရေးများ သင်ကြားပေးနေသော အကယ်ဒမီကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးစားသွားကြမည်ဟု ယုံကြည်မိပါတော့သည်။ ။




Naypyitaw State Academy အဆောက်အအုံ။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ဂုဏ်ပြုယာဉ်များ ချီတက်မှုနှင့် တွဲဖက်ဖျော်ဖြေမည့် ယိမ်းအဖွဲ့တို့နှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်သည် ထူးခြားလေးနက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်ဖြစ်သည်။ ၇၅ နှစ်တိုင် လွတ်လပ်ရေးကို ထိန်းသိမ်းခဲ့သည့် အထိမ်းအမှတ်နေ့ဖြစ်သကဲ့သို့ လာမည့်ကာလတွင်လည်း နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကို နေပြည်တော်၌ နိုင်ငံတော်အဆင့် ခမ်းနားကြီးကျယ်စွာ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့များ၏ ဂုဏ်ပြုယာဉ်များ ချီတက်မှုနှင့် တွဲဖက်ဖျော်ဖြေမည့် ယိမ်းအဖွဲ့တို့နှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ကော်မတီအဖွဲ့ဝင် ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ကော်မတီတွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး အခမ်းအနားတွင် ချီတက်ပါဝင်မည့် ဂုဏ်ပြုယာဉ်များ၊ ဖျော်ဖြေမည့် ယိမ်းအဖွဲ့များနှင့်ပတ်သက်၍ ဆောင်ရွက်ရမည်များကို အသေးစိတ် ဆွေးနွေးနိုင်ရန် အစည်းအဝေးခေါ်ယူခြင်းဖြစ်ပါကြောင်း၊ ယမန်နှစ်က အတွေ့အကြုံရှိပြီးဖြစ်သည့်အတွက် အခက်အခဲရှိကြမည်မဟုတ်သော်လည်း ယခုနှစ်တွင် ယမန်နှစ်ကထက် ပိုမိုခမ်းနားကြီးကျယ်ခြင်း၊ အစီအစဉ်များပြားခြင်း၊ အင်အားများပြားခြင်းနှင့် အချိန်ကြာမြင့်ခြင်းတို့ရှိလာမည့်အတွက် အမှားအယွင်းမရှိအောင်၊ အချိန်ကိုက်ဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် လိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်က တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များ၊ တွဲဖက်ဖျော်ဖြေမည့် ယိမ်းအဖွဲ့များနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီအဖွဲ့ဝင် ဒေါက်တာမိုးဇော်ထွန်းက ဖျော်ဖြေမည့်အစီအစဉ်၊ စာလုံးသရုပ်ဖော်မှု၊ တည်းခိုနေထိုင်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ကိုယ်စားပြုဂုဏ်ပြုယာဉ်များတွင် ဆင်ယင်ပြသမည့် အခြေအနေ၊ ဂုဏ်ပြုယာဉ်နှင့် တွဲဖက်ဖျော်ဖြေမည့် ယိမ်းအဖွဲ့တွင် ပါဝင်တင်ဆက်မည့် လူဦးရေ၊ တိုင်းရင်းသားရိုးရာအကများ၊ တေးသီချင်း ရွေးချယ်ထားရှိမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားအပြီး ဇန်နဝါရီ ၄ ရက် ညနေ ၄ နာရီခွဲမှစတင်၍ ဇန်နဝါရီ ၈ ရက်အထိ နေပြည်တော် ဥပ္ပါတသန္တိဘုရားအနီး တပေါင်းကွင်း၌ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များ၊ ပြခန်းများကို ပြသသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားရိုးရာ အစားအသောက်ပြခန်းများလည်း ပါဝင်မည်ဖြစ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ် ယိမ်းအဖွဲ့များက ငါးရက်တိုင် ပြည်သူများကို တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း ထံ ရခိုင်ပြည်နယ်ဆိုင်ရာ အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ အိန္ဒိယကောင်စစ်ဝန် Mr .Jay Krishna လာရောက်တွေ့ဆုံ

**စစ်တွေ ဒီဇင်ဘာ ၂**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် အတူ ယနေ့မွန်းလွဲပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ အိန္ဒိယကောင်စစ်ဝန် Mr .Jay Krishna အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း အိန္ဒိယနိုင်ငံအကူအညီဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အိန္ဒိယ မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်ဖြင့် ကုလားတန်မြစ်ကြောင်း ဖွံ့ဖြိုးရေးစီမံကိန်း စစ်တွေဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေမှု၊ ဆိပ်ခံတံတား ဖွင့်လှစ်နိုင်ရေးနှင့် လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှု၊ စစ်တွေ - ကျောက်တော်- ပလက်ဝ ကုလားတန်မြစ်ကြောင်း တူးဖော်ရေး ဆောင်ရွက်နေမှု၊ ပလက်ဝမှ ဇူရန်ပူလမ်းကြောင်း ဖောက်လုပ်ပြီးစီးနိုင်ရေး စီစဉ်နေမှုနှင့် ရခိုင်ပြည်နယ်အတွင်း အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် ဒေသတွင်း မီးလင်းရေးနှင့် ရေရရှိရေး စသောဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည့် အစီစဉ်များကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**



တွေ့ဆုံပွဲသို့ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

တောင်တွင်းကြီး - နတ်မောက်- ကျောက်ပန်းတောင်းနှင့် ပုဂံဒေသများတွင် နေထိုင်ကြသော ပြည်သူများခရီးသွားလာမှု လွယ်ကူ အဆင်ပြေစေရေးအတွက် အမှတ်(၁၀၇)အဆန်/အမှတ်(၁၀၈) အစုန် ပုဂံ-တောင်တွင်းကြီး-ပုဂံ လူစီးရထားကို ဒီဇင်ဘာ ၁ ရက်မှစ၍ နေ့စဉ် ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။ အမှတ် (၁၀၈) အစုန်ရထားသည် ပုဂံဘူတာမှ နံနက် ၆ နာရီခွဲတွင် ထွက်ခွာ၍ တောင်တွင်းကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ အမှတ်(၁၀၇) အဆန်ရထားသည် တောင်တွင်းကြီးဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာ၍ ပုဂံဘူတာသို့ ည ၇ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ အသီးသီးထွက်ခွာ/ ဆိုက်ရောက်မည်ဖြစ်ကြောင်းနှင့် လမ်းခရီးတွင် ဘူတာ ၁၇ ဘူတာ ရပ်တန့်ပေးကာ ခရီးစဉ်အစအဆုံး တစ်ဦးလျှင် ငွေကျပ် ၄၇၀၀ နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် နေပြည်တော်/ပျဉ်းမနားမှ ခရီးသွားပြည်သူများ အနေဖြင့် ပုဂံဒေသသို့ သွားရောက်လိုပါက ပျဉ်းမနားဘူတာမှ နေ့စဉ် နံနက် ၆ နာရီခွဲတွင် စတင်ထွက်ခွာပြီး တောင်တွင်းကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် ဆိုက်ရောက်မည့် အမှတ်(၁၀၃) အဆန်ရထားဖြင့် လိုက်ပါ၍ တောင်တွင်းကြီးဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် စတင်ထွက်ခွာမည့် အမှတ်(၁၀၇)အဆန်ရထားဖြင့် ဆက်လက်ချိတ်ဆက်စီးနင်းလိုက်ပါနိုင်ရန်နှင့် ပုဂံမှ လိုက်ပါလာသော ခရီးသည်များ အနေဖြင့်လည်း တောင်တွင်းကြီးဘူတာမှ မွန်းလွဲ ၂ နာရီခွဲတွင် ထွက်ခွာသည့် အမှတ်(၁၀၄) အစုန်ရထားဖြင့် ပျဉ်းမနားဘူတာသို့ ဆက်လက်ချိတ်ဆက်စီးနင်းလိုက်ပါနိုင်ရန် ရထားများ ရောက်ရှိ/ ထွက်ခွာချိန်များကို အပြန်အလှန် ချိတ်ဆက်၍ ရထားကူးပြောင်း စီးနင်းလိုက်ပါနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

မြန်မာ့ မီးရထားအနေဖြင့် ခရီးသည် စီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားတွဲဆိုင်းများ ပိုမိုချိတ်ဆက်ခြင်း၊ ရထားစင်းရေ တိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ခရီးသွားမိတ်ပြည်သူများ လုံခြုံစိတ်ချစွာ လိုက်ပါ စီးနင်းနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

တားမြစ်ထားသည့်နေရာအား ထိုးသတ်မိသဖြင့် ပွဲမပြီးမီ ရပ်နားခဲ့ရသည်။ ထိရယ်လ်ထန်သည် ယခုနှစ် ဖေဖော်ဝါရီတွင် စိန်ခေါ်ပွဲထိုးသတ်ပြီးနောက် နှစ်ကုန်ပိုင်းမှသာ ဒုတိယမြောက်ပွဲစဉ် ထိုးသတ်ရခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် Strawweight World Championship အဖြစ် ဖိလစ်ပိုင်နိုင်ငံသား ပက်ဆီယိုနှင့် အမေရိကန်နိုင်ငံသား ဘရော့ခ်၊ ဒုတိယအဓိကတွဲဆိုင်းအဖြစ် Flyweight Muay Thai World Grand Prix Final ဖြစ်သော ထိုင်းနိုင်ငံသားနှစ်ဦးဖြစ်သည့် ဆူပါလိခ်နှင့်ပန်ပါရတ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ- ONE**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂** - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆေးဝါးစက်ရုံ (အင်းစိန်)နှင့် မော်တာစက်ချုပ်သင်တန်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)၌ ဝန်ထမ်းများနှင့်နွေးထွေးသည့် ဆက်ဆံမှုရှိစေရန်၊ လုပ်ငန်းတာဝန်များကို မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်နိုင်ရန်၊ ဝန်ထမ်းအချင်းချင်း ပိုမိုစည်းလုံးညီညွတ်မှုရှိစေရန် စက်ရုံစားရိပ်သာ၌ ဝန်ထမ်းများနှင့် နံနက်စာအတူတကွသုံးဆောင်ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကားများ ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ အရာထမ်းများနှင့်တွေ့ဆုံ၍ ပြည်သူလူထုအတွက် လိုအပ်သောအခြေခံဆေးဝါးများကို လျာထားချက်ထက် ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ထုတ်လုပ်နိုင်လျှင် ပြည်ပသွင်းကုန်အစားထိုးနိုင်မည်ဖြစ်၍ ကြိုးစားဆောင်ရွက်ရန်၊ စက်ရုံထုတ်ဆေးဝါးများသည် အရည်အသွေးတစ်သမတ်တည်းဖြစ်အောင် လုပ်ငန်းစဉ်အဆင့်ဆင့်တိုင်း၌ အရည်အသွေးစစ်ဆေးမှုလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန်၊ အရည်အသွေးကောင်းမွန်ပြည့်ဝသည့် ဆေးဝါးများထုတ်လုပ်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊ စက်ရုံ၌ ဆောင်ရွက်နေသည့် ကုန်ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်၊ အရည်အသွေးစစ်ဆေးသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့နှင့် ပတ်သက်သည့် နည်းပညာများအား ဆင့်ပွားသင်တန်းများ ပြုလုပ်ပေးရန်၊ ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအတွက် လိုအပ်သော ဆေးဝါးများကို ထုတ်လုပ်နေခြင်းဖြစ်၍ ဝန်ထမ်းတစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးမြင့်မားအောင်နှင့် မိမိလုပ်ငန်းတာဝန်နှင့် ပတ်သက်၍ ကျွမ်းကျင်မှုရှိအောင် စဉ်ဆက်မပြတ် လေ့လာသင်ယူရန် မှာကြားသည်။(ယာပုံ)



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းပိုင် မြေနေရာဥယျာဉ်ရှိ မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်းမှ ဖွင့်လှစ်လျက်ရှိသည့် မော်တာစက်ချုပ်သင်တန်း ဖွင့်လှစ်နေမှုနှင့် လေ့ကျင့်သင်ကြားပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းများကို ယခုထက် ပိုမိုဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ရန်၊ လုပ်သားများ ကျွမ်းကျင်မှုရှိလာသည်နှင့်အမျှ လက်ရာသေသပ်ကောင်းမွန်သည့် ချုပ်ထည်များ ချုပ်လုပ်နိုင်၍ ဈေးကွက်ရရှိပြီး လုပ်ငန်းများတိုးချဲ့နိုင်မည်ဖြစ်သဖြင့် ကြိုးစားသင်ကြားပေးရန်၊ လုပ်သားအခြေပြု စက်မှုလုပ်ငန်းဖြစ်သည့် အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရန်၊ NSSA နှင့် ချိတ်ဆက်၍ သင်တန်းသားများကို အသိအမှတ်ပြုလက်မှတ်များနှင့် ကျွမ်းကျင်မှုလက်မှတ်များ ထုတ်ပေးနိုင်ရေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စားသုံးဆီအရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

စားသုံးဆီ အရည်အသွေး စစ်ဆေးခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးအောင်နိုင်ဦး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမြင့်စိုး၊ ဦးညွန့်အောင်၊ ဒေါက်တာအေးထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ စားသုံးဆီထုတ်လုပ်ရောင်းချသူများအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ (နေပြည်တော်ကောင်စီ) နှင့် တာဝန်ရှိသူများ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားသုံးဆီ လိုအပ်ချက်အနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှတန်ချိန်တစ်သန်းခန့် လိုအပ်ချက်ရှိပြီး ပြည်တွင်း ထုတ်လုပ်မှုမှ လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးသည့်အတွက် လိုအပ်သည့်ပမာဏကို ပြည်ပမှ ယူတင်သွင်းနေရဆဲဖြစ်ကြောင်း၊ စားသုံးဆီများကို စံချိန်စံညွှန်းနှင့်အညီ တင်သွင်း/ထုတ်လုပ်နိုင်မှသာ ကျန်းမာရေးနှင့်ညီညွတ်ပြီး အရည်အသွေးကောင်းမွန်သည့် စားသုံးဆီများဖြစ်သည်ဟု အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း၊ စားသုံးဆီ အရည်အသွေး ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ၊ စမ်းသပ်မှုနည်းစနစ်များ၊ စံချိန်စံညွှန်းများနှင့် အညီဖြစ်စေရေးအတွက် ဓာတ်ခွဲခန်းဝန်ထမ်းများအား သင်တန်းပို့ချမည်ဖြစ်၍ များစွာကြိုဆိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် စားသုံးဆီ၏ ပင်ကိုသဘာဝစစ်မှန်မှုနှင့် အရည်အသွေး စစ်ဆေးခြင်းကို အဓိက ပြုလုပ်ပေးလျက်ရှိပြီး ယခုသင်တန်းတွင် စားသုံးဆီ၏ ပင်ကိုသဘာဝစစ်မှန်မှုကို အဓိကထား သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။(ဝဲပုံ)

ဆက်လက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခင်ဇော်တို့က အရည်အသွေးကောင်းမွန်သည့် စားသုံးဆီများထုတ်လုပ်ရေးနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ကျန်းမာရေး ဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနက ဦးဆောင်၍ ဆောင်ရွက်သည့် စားသုံးဆီ အရည်အသွေး စစ်ဆေးခြင်းဆိုင်ရာ သင်တန်းကို ဒီဇင်ဘာ ၅ ရက်မှ ၉ ရက်အထိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနခွဲ (ရန်ကုန်)တွင် ကျင်းပသွားမည်ဖြစ်ပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်ရှိ အစားအသောက် စစ်ဆေးမှုဆိုင်ရာ ဓာတ်ခွဲခန်းများနှင့် ပုဂ္ဂလိကဓာတ်ခွဲခန်းများဖြစ်သည့် UMFCCI နှင့် Myanmar Food Laboratory Network အောက်ရှိ အစားအသောက်စစ်ဆေးသည့် ဓာတ်ခွဲခန်းများမှ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ရုရှားနိုင်ငံအခြေစိုက် Yi Ling Tourism ကုမ္ပဏီမှ Commercial Director ဖြစ်သူ Mr. Kosinkov Evgeny အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ရုရှားနိုင်ငံအခြေစိုက် Yi Ling Tourism Co.,Ltd မှ Commercial Director ဖြစ်သူ Mr.Kosinkov Evgeny အား ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနမှညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်တာဝန်ခံများ ပါဝင်တက်ရောက်ကြသည်။(ယာပုံ)




တွေ့ဆုံရာတွင် Mr.Kosinkov Evgeny က ရုရှားနိုင်ငံသား ခရီးသည်များအနေနှင့် နိုင်ငံတကာတွင် အကျိုးဝင်သော အာမခံဝယ်ယူ၍ ခရီးသွားလာလျက်ရှိပြီး မြန်မာနိုင်ငံတွင် အာမခံထပ်မံရယူရခြင်းနှင့် စပ်လျဉ်း၍ ဖြေလျှော့ပေးစေလိုကြောင်း၊ ရုရှားနိုင်ငံမှ ခရီးသွားဧည့်သည်များအတွက် လေကြောင်းလိုင်းများပျံသန်းပြေးဆွဲရန် အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသည်များ ငွေကြေးလွှဲပို့သုံးစွဲမှု လွယ်ကူအဆင်ပြေစေရေး ဆောင်ရွက်ပေးနိုင်ပါက ခရီးသည်များ ပိုမိုလာရောက်ရေး ဖိတ်ခေါ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လေကြောင်းလိုင်းပျံသန်းပြေးဆွဲမှုအနေနှင့် ယခင်အီတလီ လေကြောင်းက မီလန်မြို့မှ ခရီးသည်များကို မြန်မာနိုင်ငံတွင် တစ်ထောက်နား၍ ဖူးခက်သို့ ပျံသန်းသကဲ့သို့ ပျံသန်းနိုင်သည့် သာဓကများရှိပါကြောင်း၊ ယခုလည်း အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းမှခရီးစဉ်များ စီစဉ်နေသည်ဟု သိရှိရပါကြောင်း၊ ခရီးသွားအာမခံကြေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်း၊ ခရီးသွားများလာရောက်ပါက ၎င်းတို့၏ ငွေကြေးသုံးစွဲမှု အဆင်ပြေစေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာ–ရုရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှု တိုးမြှင့်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးကိုလည်း ဆောင်ရွက်နေပါကြောင်း၊ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးမည်ဟု ပြန်လည်ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ကမ္ဘောဒီးယားနိုင်ငံ၏ နာမည်ကျော် အန်ကော ရှေးဟောင်းသုတေသနဥယျာဉ်သို့ ၁၁လအတွင်း လူပေါင်း ၂၂၅၀၀၀ ကျော် လာရောက်လည်ပတ်



အန်ကောရှေးဟောင်းသုတေသနဥယျာဉ်သို့ လာရောက်လည်ပတ်သူများကို တွေ့ရစဉ်။

**ဖနောင်ပင် ဒီဇင်ဘာ ၂**

ကမ္ဘောဒီးယားနိုင်ငံ၏ နာမည်ကျော် အန်ကော ရှေးဟောင်းသုတေသန ဥယျာဉ်သို့ ယခုနှစ် ၁၁လအတွင်း နိုင်ငံခြားခရီးသွားပေါင်း ၂၂၅၁၈၁ ဦး လာရောက်လည်ပတ်ပြီး လက်မှတ်ရောင်းချရငွေများမှ အမေရိကန် ဒေါ်လာ ၉ သန်း ဝင်ငွေရရှိခဲ့သည်ဟု နိုင်ငံပိုင် အန်ကောလုပ်ငန်းက ဒီဇင်ဘာ ၂ ရက်တွင်ပြောသည်။ နိုဝင်ဘာလ တစ်လတည်းတွင်ပင် အဆိုပါ ရှေးဟောင်းသုတေသနဥယျာဉ်သို့ နိုင်ငံခြားသားခရီးသွားဦးရေ ၅၅၆၄၂ ဦး လာရောက်လည်ပတ်ပြီး လက်မှတ်ရောင်းချရငွေမှ အခွန်ငွေ ၂ ဒသမ ၂၅ သန်း လက်ခံရရှိခဲ့သည်ဟု ကြေညာချက်အရ သိရသည်။

၄၀၁ စတုရန်းကီလိုမီတာ အကျယ်ရှိ အန်ကော ရှေးဟောင်း သုတေသနဥယျာဉ်မှာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်ပြီး ခရီးသွားများကို အများဆုံး ဆွဲဆောင်နိုင်သည့် နေရာတစ်ခုလည်းဖြစ်သည်။ ကိုဗစ် -၁၉ ကပ်ရောဂါမတိုင်မီကာလ ၂၀၁၉ ခုနှစ်တွင် အန်ကောဥယျာဉ်သို့ နိုင်ငံတကာ ခရီးသွား ၂ ဒသမ ၂ သန်း လာရောက်လည်ပတ်ခဲ့ပြီး လက်မှတ်ရောင်းရငွေမှ အခွန်ငွေ ၉၉ သန်း ရရှိခဲ့သည်ဟု သိရသည်။

အဆိုပါ ဥယျာဉ်အတွင်းသို့ တစ်နေ့တာ လာရောက်လည်ပတ်ခမှာ အမေရိကန် ဒေါ်လာ ၃၇ ဒေါ်လာဖြစ်ပြီး သုံးရက်ကြာလည်ပတ်ပါက ၆၂ ဒေါ်လာ ဖြစ်သည်။ တစ်ပတ်တာလည်ပတ်ပါက အမေရိကန် ဒေါ်လာ ၇၂ ဒေါ်လာ ဖြစ်သည်ဟု သိရသည်။ **ဆင်ဟွာ**

# လာမည့်နှစ်တွင် နိုင်ငံခြားခရီးသွား ၁ ဒသမ ၅ သန်းနီးပါး လာရောက်ရန် သီရိလင်္ကာ မျှော်လင့်

**ကိုလံဘို ဒီဇင်ဘာ ၂**

သီရိလင်္ကာနိုင်ငံသည် လာမည့်နှစ်တွင် နိုင်ငံခြားခရီးသွား ၁ ဒသမ ၅ သန်းနီးပါးနှင့် ၂၀၂၄ ခုနှစ်တွင် ခရီးသွားသုံးသန်းလာရောက်မျှော်မှန်းထားကြောင်း ခရီးသွားဝန်ကြီး ဟာရင်ဖာနန်ဒို က ဒေသတွင်းမီဒီယာသို့ ပြောကြားလိုက်သည်။ လွန်ခဲ့သော လအနည်းငယ်အတွင်း နိုင်ငံခြားခရီးသွား လာရောက်မှု တိုးတက်လာခဲ့ ကြောင်းနှင့် လေကြောင်းလိုင်းများစွာ သီရိလင်္ကာနိုင်ငံသို့ စတင်ပျံသန်းရန် စီစဉ်လျက်ရှိကြောင်း ခရီးသွားဝန်ကြီးက ထပ်လောင်းပြောကြားသည်။

ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံ၏ အဓိကနိုင်ငံခြားငွေ လဲလှယ်သည့်လုပ်ငန်း တစ်ခုဖြစ်သည်။ သီရိလင်္ကာနိုင်ငံသည်ဒေသတွင်း တခြားနိုင်ငံများထက် စီးပွားရေး ပြန်လည်သက်ဝင်နိုးထမှု နှေးလျက်ရှိသည်။ သီရိလင်္ကာနှင့် အိမ်နီးချင်းမော်လ်ဒိုက်နိုင်ငံသည် လွန်ခဲ့သည့်လများအတွင်း နိုင်ငံခြားခရီးသွား တစ်လပျမ်းမျှ ၁၀၀၀၀၀ ကျော် ဝင်ရောက်စဉ်က သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားခရီးသွား ဦးရေသည် ၃၀၀၀၀ မှ ၆၀၀၀၀ အထိသာရှိကြောင်း တရားဝင်စာရင်းများတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**



သီရိလင်္ကာနိုင်ငံ ခရီးသွားဝန်ကြီး ဟာရင် ဖာနန်ဒို

# ဂျပန်နိုင်ငံ၏ ဆေးဘက်ဝန်ဆောင်မှုမှာ တစ်ရက်အတွင်း ကိုဗစ် - ၁၉ နှင့် တုပ်ကွေးလူနာပေါင်း ၉၀၀၀၀၀ ကို ကုသပေးရန် အဆင်သင့်ဖြစ်

**တိုကျို ဒီဇင်ဘာ ၂**

တစ်ရက်အတွင်း ကိုဗစ်-၁၉နှင့် တုပ်ကွေးလူနာပေါင်း ၉၀၀၀၀၀ ကို ကုသပေးရန် အဆင်သင့်ဖြစ်နေပြီဟု ဂျပန်ကျန်းမာရေးဝန်ကြီးဌာန က ပြောသည်။

ကိုဗစ်-၁၉ ကူးစက်မှုမှာ အမြင့်ဆုံးအခြေအနေတွင် တစ်ရက် အတွင်း လူပေါင်း ၄၅၀၀၀၀ ကို ကူးစက်နိုင်ပြီး တုပ်ကွေးလူနာမှာ လည်း ၃၀၀၀၀၀ အထိရှိနိုင်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ကနဦးတွင် ခန့်မှန်းထားသည်။

တစ်နေ့လျှင် လူနာပေါင်း ၇၅၀၀၀၀ ကို ကုသပေးနိုင်သည့် အစီအစဉ်များ ရေးဆွဲထားရန် ခရိုင်နှင့်မြို့နယ် အာဏာပိုင်များကို ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားသည်။

တစ်ရက်အတွင်း တုပ်ကွေးနှင့်ကိုဗစ်-၁၉လူနာပေါင်း ၈၀၀၀၀၀ အထိ များပြားလာနိုင်ကြောင်း ခရိုင်အစိုးရက ခန့်မှန်းထားသည်။ တစ်ရက်အတွင်း လူနာပေါင်း ၉၀၀၀၀၀ ကို ကုသနိုင်ရန် ဆေးဘက် ဆိုင်ရာအဖွဲ့အစည်းများက ပြီးခဲ့သည့်လကတည်းက အပြီးသတ် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# နယူးဇီလန်နိုင်ငံမြောက်ပိုင်းတွင် ပြင်းအား ၅ ဒသမ၄ မဂ္ဂနီကျုရှိ ငလျင်လှုပ်

**ဝယ်လင်တန် ဒီဇင်ဘာ ၂** – နယူးဇီလန်နိုင်ငံ မြောက်ပိုင်းကျွန်းပေါ်တွင် ဒီဇင်ဘာ ၂ ရက်က ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျုရှိ ငလျင်တစ်ခု လှုပ်သွားသည်ဟု နယူးဇီလန်နိုင်ငံ၏ ဘူမိသိပ္ပံသုတေသနအဖွဲ့ အစည်းက ပြောသည်။ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ငလျင် လှုပ်ခြင်းဖြစ်ပြီး နယူးဇီလန်နိုင်ငံ မြောက်ပိုင်းကျွန်း ဝီကာတိုဒေသရှိ တိုကိုရိုအာမြို့ အရှေ့တောင်ဘက် ၂၀ ကီလိုမီတာအကွာတွင် လှုပ်ခဲ့ခြင်း ဖြစ်သည်။ ငလျင်ဒဏ်ကို လူပေါင်း ၉၀၀၀ ခံစားခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုများကို မသိရသေးချေ။ **ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ဖြင့် ၂၄ ဦး ထပ်မံသေဆုံး

**မနီလာ ဒီဇင်ဘာ ၂**

ဖိလစ်ပိုင်နိုင်ငံ၌ ဒီဇင်ဘာ ၂ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၂၈၃ ဦးနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၀၃၈၇၁၆ ဦးရှိလာခဲ့သည်။ ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၂၄ ဦးထပ်မံသေဆုံးမှုနှင့် အတူ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၆၄၆၈၂ ဦးရှိလာပြီဖြစ်သည်။ မြို့တော်မနီလာ၌လည်း ကိုဗစ်-၁၉ ကူးစက်သူအသစ် ၄၅၇ ဦး ရှိသည်။

ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာဘေးကင်းလုံခြုံမှုကို ဂရုမပြုပါက တစ်နေ့လျှင် လူပေါင်း ၃၀၀၀ ကျော် ကိုဗစ်-၁၉ ကူးစက်ခံရနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန တာဝန်ခံအရာရှိ မာရီယာ ရိုဆာရီယို ဗာဂျီရီက ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# ဘရာဇီးနိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမြေပြိုမှုများကြောင့် လူနှစ်ဦးသေဆုံး၊ မီးသတ်သမားတစ်ဦး ပျောက်ဆုံးလျက်ရှိ

**ဆော်ပေါ်လို ဒီဇင်ဘာ ၂**

ဘရာဇီးနိုင်ငံ တောင်ပိုင်း ဆန်တာကာထရီနာ ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီး မြေပြိုမှုများကြောင့် အနည်းဆုံး နှစ်ဦး သေဆုံးခဲ့ပြီး မီးသတ်သမားတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ပြည်နယ် မီးသတ်ဌာနနှင့် ပြည်နယ် အရပ်ဘက် ကာကွယ်ရေးရုံးက ဒီဇင်ဘာ ၁ ရက်က ပြောကြားလိုက်သည်။

ဘရက်စ်မြို့၌ ဖြစ်ပွားသော မြေပြိုမှုအတွင်း အမျိုးသား တစ်ဦးသေဆုံးခဲ့သည်။ နောက် တစ်ဦးမှာ ပါဟိုကာမြို့ရှိ ရေလွှမ်း နေသော လမ်းကို ဖြတ်ကူးရာမှ ဓာတ်လိုက် သေဆုံးခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

ထို့အပြင် ဆန်တာကာ ထရီနာပြည်နယ် နာဗီဂန်တက်စ် အပန်းဖြေကမ်းခြေ တစ်ခု၌ လှေနစ်မြုပ်ပြီး မီးသတ်သမား တစ်ဦးလည်း ပျောက်ဆုံးလျက်ရှိ သည်။

အာဂျင်တီးနားနှင့် နယ်နိမိတ် ချင်းထိစပ်လျက်ရှိသော ဆန်တာ ကာထရီနာပြည်နယ်၌ လူ ၆၀၀ ကျော်ကို ၎င်းတို့၏ နေအိမ်များမှ ဘေးလွတ်ရာသို့ ကယ်တင်ခဲ့ရ သည်။ **ဆင်ဟွာ**



ဘရာဇီးနိုင်ငံ အဝေးပြေး လမ်းပိုင်းတစ်နေရာ၌ မြေပြို ကျနေသည်ကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

(၂-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၉၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၈၀,၁၈၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၂၈၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၈၀၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့်(၁၇)ရက် ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၁၀ | ၂၀၃၀ | ၂၀၁၅ | ၁၉၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၄၅ | ၂၀၅၀ | ၂၂၆၅ | ၂၉၂၀ |
| 95 Ron | ၂၀၄၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၈၅ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၀၈၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၂၅ | ၂၁၂၅ | ၂၃၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၅၄၅ | ၂၅၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၄၈၀ | ၂၄၈၅ | ၂၄၈၅ | ၂၇၀၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၇၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၅ | ၂၅၂၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၁၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၁၅ | ၂၅၂၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၀ | ၂၇၈၀ | ၃၆၇၀ |
| HSD (10 ppm) | ၂၄၇၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၅ | ၂၅၂၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၁၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၁၅ | ၂၅၂၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၀ | ၂၇၈၀ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၇ | ၁၉၃၈ |
| 95 Ron | ၁၉၄၁ | ၂၀၁၄ |
| HSD (500 ppm) | ၂၂၉၁ | ၂၃၆၆ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၁ |
| HSD (10 ppm) | ၂၃၆၄ | ၂၄၄၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အားလုံးပါဝင် ဖွံ့ဖြိုးဖို့ ဆန်းသစ်တီထွင် အဖြေရှာစို့ အားလုံးလက်လှမ်းမီညီမျှရေး တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး

*ကိုကွေး(ဘူမိဗေဒ)*

**ယနေ့ကမ္ဘာ့လူဦးရေသည် သန်း ၈၀၀၀ ကျော်လွန်သွားပြီဖြစ်ပါသည်။ ထိုအထဲမှ ၁၅ ရာခိုင်နှုန်းဖြစ်သော မသန်စွမ်းသူများသည်လည်း ကမ္ဘာကြီး၏ ဖြစ်စဉ်ပြောင်းလဲမှုများကြား ဖြတ်သန်းနေကြရပါသည်။ ကုလသမဂ္ဂသမိုင်းတစ်လျှောက် ကမ္ဘာကြီးစိန်ခေါ်မှုအများဆုံး အခြေအနေသို့ ရောက်ရှိနေခြင်း၊ လူသားအားလုံးနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ခံနိုင်စွမ်းရည် ပိုမိုမြင့်မားပြီး ရေရှည်တည်တံ့သည့် ကမ္ဘာကြီးတည်ဆောက်ရာတွင် အားလုံး ပူးပေါင်းအဖြေရှာရန်(All Inclusive) အချိန်တန်ပြီဖြစ်ကြောင်း သတိပြုခြင်းကြောင့် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ (၇၇)ကြိမ်မြောက် အစည်းအဝေးကို "အရေးပါသော အပြောင်းအလဲကာလ– စိန်ခေါ်မှုများအား ဆန်းသစ်တီထွင် ပြောင်းလဲခြင်းဖြင့် ဖြေရှင်းရေး (A watershed moment: Transformative Solution to Interlocking Challenges)" ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်ခဲ့ကြောင်း တွေ့ရပါသည်။**

ယနေ့ကမ္ဘာကြီး၏ အခြေအနေသည် ခက်ခဲရှုပ်ထွေးလျက်ရှိပြီး အင်အားကြီးနိုင်ငံများ၏ နိုင်ငံတကာသို့ ပြည်တွင်းရေးစွက်ဖက်မှုများ၊ နိုင်ငံများ၏ လုံခြုံရေးကို ခြိမ်းခြောက်နေမှုများကြောင့် မိမိနိုင်ငံအချုပ်အခြာအာဏာ တည်တံ့ရေးနှင့် လှုပ်ရှားမှုများမှအခြေခံသောယူကရိန်းနှင့်အခြားနိုင်ငံအသီးသီးတွင် ဖြစ်ပေါ်လျက်ရှိသည့် စစ်မက်ရေးရာများ၊ ကိုဗစ်–၁၉ ရောဂါမှ ထွက်ပေါ်လာသည့် ထိတ်လန့်တုန်လှုပ်ဖွယ်ရာများ၊ ရာသီဥတု ပြောင်းလဲနိုင်ခြေများစသည့် ပဋိပက္ခများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲများကို ကြုံတွေ့နေရပါသည်။ အဆိုပါ အကြောင်းတရားများသည် ကမ္ဘာ့စီးပွားရေးကိုလည်း ခြိမ်းခြောက်လျက်ရှိနေပါသည်။




### မသန်စွမ်းသူများ၏ အခြေအနေ

ကမ္ဘာ့နိုင်ငံများရှိ မသန်စွမ်းသူများသည် အများအားဖြင့် ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားခြင်း၊ အလုပ်အကိုင်ရရှိမှုနှုန်း နိမ့်ကျခြင်း၊ ပညာသင်ယူတတ်မြောက်မှုနည်းပါးခြင်း၊ အရည်အသွေးနိမ့်ကျသော ကျန်းမာရေးစသည့် ဆိုးရွားသော လူမှုစီးပွားအခြေအနေတို့ကို ကြုံတွေ့ခံစားနေကြရပါသည်။ ထို့ပြင် မသန်စွမ်းသူများသည် အစာအာဟာရချို့တဲ့ခြင်း၊ သန့်ရှင်းသောသောက်ရေ၊ သုံးရေမရရှိနိုင်ခြင်း၊ လုံခြုံစိတ်ချမှုမရှိသော လုပ်ငန်းခွင်များ၊ ပြည့်စုံကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိပိုင်ခွင့်နှင့် ပညာသင်ကြားခွင့်မရှိခြင်းတို့ကြောင့် ဆင်းရဲနွမ်းပါးခြင်း၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးခြင်း၊ နည်းပါးသော လုပ်ခလစာအပြင် မသန်စွမ်းမှုကြောင့် နေ့စဉ်နေထိုင်မှု ကုန်ကျစရိတ် မြင့်မားခြင်းတို့ကိုလည်း တွေ့ကြုံခံစားနေရပါသည်။

မသန်စွမ်းသူများအတွက် အဆင်ပြေလွယ်ကူမှုမရှိသော ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်နှင့် ပို့ဆောင်ဆက်သွယ်ရေး အကြောင်းအရာများ၊ အထောက်အကူပြု ပစ္စည်းကိရိယာနှင့် နည်းပညာများ မရှိခြင်း၊ မသန်စွမ်းမှုအလိုက် ဆက်သွယ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ မရှိခြင်း၊ ဝန်ဆောင်မှုပေးရာတွင် လိုအပ်ချက်များနှင့် လူ့အဖွဲ့အစည်းအတွင်းမှားယွင်းသော ယုံကြည်မှုနှင့် စိတ်သဘောထားတို့ကြောင့် မသန်စွမ်းသူများအနေဖြင့် လူမှုရေးအရလည်းကောင်း၊ စီးပွားရေးအရ လည်းကောင်း တန်းတူညီမျှ ပါဝင်ဆောင်ရွက်နိုင်ခြင်းကို ကန့်သတ်တားဆီးလျက်ရှိပါသည်။

### အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဆောင်ပုဒ်

ထိုအခြေအနေတို့ကို ကျော်လွှားဆောင်ရွက်ကြရာတွင် သမားရိုးကျဆောင်ရွက်၍ မရတော့ဘဲ ဆန်းသစ်တီထွင်မှုများ၊ တီထွင်ဖန်တီးမှုများဖြင့် အားလုံးပါဝင်ဆောင်ရွက်ရေး လက်လှမ်းမီညီမျှစွာ ဆောင်ရွက်နိုင်ရေးကို မီးမောင်းထိုးပြစေရန်အတွက် ယခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့(International Day of Persons with Disabilities –IDPD) ဆောင်ပုဒ်ကို "အားလုံးပါဝင် ဖွံ့ဖြိုးဖို့ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး" (Transformative solutions for Inclusive development: the role of innovation in fuelling an accessible and equitable world) ဟု ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးရာဌာန( United Nations Department of Economic and Social Affairs) က ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ကြေညာခဲ့ပါသည်။

ထိုဆောင်ပုဒ်သည် ပဋိပက္ခဖြစ်ပွားသည့် ကာလများတွင် မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ် အခြေအနေတွင်ရှိသည့် လူသားတို့သည် အမြဲလိုလို ဘေးဖယ်ခံရခြင်းမရှိစေရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၃၀ ၏ အခြေခံမှုဖြစ်သည့် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်ရစ်စေရေးနှင့်အညီ ပိုမိုလက်လှမ်းမီ၍ သာတူညီမျှသော ကမ္ဘာမြေပေါ်ထွန်းလာစေရန် ဆောင်ရွက်ရာတွင် မသန်စွမ်းသူများနှင့် ပူးပေါင်းလက်တွဲ၍ ဆန်းသစ်တီထွင်မှုရှိသော ဖြေရှင်းခြင်းတို့ကို အစိုးရအဖွဲ့အစည်းများ၊ အများပြည်သူနှင့် ပုဂ္ဂလိကဆိုင်ရာကဏ္ဍအသီးသီးက ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း မီးမောင်းထိုးပြခြင်းလည်း ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ၁၉၉၂ ခုနှစ်မှစ၍ ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် (၄၇/၃)အရ နှစ်စဉ် ဒီဇင်ဘာ ၃ ရက်တွင် ပြုလုပ်ရန် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများကို သိမြင်နားလည်မှုမြှင့်တင်ရန်နှင့် မသန်စွမ်းသူများ၏ ကောင်းကျိုးစီးပွား၊ အခွင့်အရေးနှင့် ဂုဏ်သိက္ခာတို့အတွက် ထောက်ပံ့ကူညီမှုရရှိစေရေး စည်းရုံးဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

### ဖွံ့ဖြိုးရေးပန်းတိုင်များနှင့် ဆက်စပ်နေ

၂၀၂၂ ခုနှစ်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုကြရာတွင် ဆက်စပ်လွှမ်းမိုးမှုရှိသည့် လူတိုင်းအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်းသစ်တီထွင်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်း၊ ဖြေရှင်းဆောင်ရွက်မှုများ အထူးသဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်(၈)၊ (၁၀)တို့နှင့် ဆက်စပ်နေကြောင်း တွေ့ရပါသည်။

ဖွံ့ဖြိုးရေးပန်းတိုင်(၈)ဖြစ်သော စဉ်ဆက်မပြတ်နှင့် အားလုံးပါဝင်နိုင်သည့် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ဖြစ်ပေါ်ရရှိစေရေး (Promote Sustained inclusive and Sustainable Economic Growth, Full and Productive Employment decent work for all) တွင် မသန်စွမ်းသူများ အကျုံးဝင် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှုရှိပြီး လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသော နည်းပညာနယ်ပယ်ရှိ အလုပ်အကိုင်တို့ကို ခံစားရရှိနိုင်ရန် လိုအပ်သည့် အလုပ်အကိုင်၊ ဗဟုသုတနှင့် ကျွမ်းကျင်မှုတို့အကြား ချိတ်ဆက်နေမှုများနှင့် အထောက်အကူပြု နည်းပညာတို့သည် အလုပ်အကိုင်အခွင့်အလမ်း လက်လှမ်းမီရရှိခွင့် မြင့်မားလာစေရန်နှင့် လုပ်ငန်းခွင်တို့တွင် ပေါင်းစပ်အသုံးချနိုင်ရေးတို့တွင် အရေးပါပုံကို ဖော်ညွှန်းထားခြင်း ဖြစ်ပါသည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ပန်းတိုင်(၁၀) ဖြစ်သော နိုင်ငံတွင်းနှင့် နိုင်ငံများအကြား မညီမျှမှုလျှော့ချရေး(Reduce Inequality within and among countries) တွင် မသန်စွမ်းမှု အကျုံးဝင် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှု၊ အများပြည်သူနှင့် ပုဂ္ဂလိကဆိုင်ရာကဏ္ဍတို့တွင် မညီမျှမှုတို့ကို လျှော့ချရန် ဆောင်ရွက်မည့် မသန်စွမ်းမှုအကျုံးဝင် ဆန်းသစ်တီထွင်မှုများ၊ လက်တွေ့အသုံးချဆောင်ရွက်ချက်များ၊ ကောင်းမွန်သော အလေ့အထများနှင့် လုပ်ငန်းခွင်တွင် မတူကွဲပြားခြားနားမှုတို့ကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် မသန်စွမ်းသူများအတွက် အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်ပါသည်။

### မသန်စွမ်းသူများအတွက် ဆန်းသစ်တီထွင်မှု

မသန်စွမ်းသူများအတွက် ဆန်းသစ်တီထွင်မှုတွင် နမူနာအားဖြင့် ယနေ့အားကစားကဏ္ဍတွင် မသန်စွမ်းမှုအမျိုးအစားအလိုက် ပါဝင်လှုပ်ရှားနိုင်စေရန် မသန်စွမ်းသူများ အကျုံးဝင် ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းသည့် ဆန်းသစ်တီထွင်မှုများကို တစ်ပေါင်းတည်း မြင်တွေ့နိုင်သည့်ကဏ္ဍတစ်ခုဖြစ်ပါသည်။ ယနေ့အားကစားကဏ္ဍကို ကောင်းမွန်သော အလေ့အထဆိုင်ရာ စံနမူနာနှင့် ဆန်းသစ်တီထွင်မှု၊ အလုပ်အကိုင်နှင့်ညီမျှမှုတို့၏ နမူနာကောင်းအဖြစ် တွေ့မြင်ရပါသည်။ ကမ္ဘာ့အဆင့်ပြိုင်ပွဲများ၊ ဒေသန္တရအဆင့်၊ နိုင်ငံအဆင့် ပြိုင်ပွဲများတွင် မသန်စွမ်းသူများပါဝင် ဆောင်ရွက်နိုင်ကြသည်ကို ဝမ်းမြောက်စွာ တွေ့မြင်ကြရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ အခြားကဏ္ဍများတွင်လည်း မသန်စွမ်းမှုအမျိုးအစားအလိုက်

*စာမျက်နှာ ၁၇ သို့*

- ❖ **အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ၁၉၉၂ ခုနှစ်မှစ၍ ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (၄၇/၃) အရ နှစ်စဉ် ဒီဇင်ဘာ ၃ ရက်တွင် ပြုလုပ်ရန် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများကို သိမြင်နားလည်မှုမြှင့်တင်ရန်နှင့် မသန်စွမ်းသူများ၏ ကောင်းကျိုးစီးပွား၊ အခွင့်အရေးနှင့် ဂုဏ်သိက္ခာတို့အတွက် ထောက်ပံ့ကူညီမှုရရှိစေရေး စည်းရုံးဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်**
- ❖ **၂၀၂၂ ခုနှစ်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုကြရာတွင် ဆက်စပ်လွှမ်းမိုးမှုရှိသည့် လူတိုင်းအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်းသစ်တီထွင်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်း၊ ဖြေရှင်းဆောင်ရွက်မှုများ အထူးသဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်(၈)၊ (၁၀)တို့နှင့် ဆက်စပ်နေကြောင်း တွေ့ရပါသည်**

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ ဖျော်ဖြေရေးအဖွဲ့များ၊ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့များက သွားရောက်ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ၏ နယ်စပ်နယ်မြေအသီးသီးတွင် မိဝေး ဖဝေးနှင့် မိသားစုဝေးကွာစွာဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို နေမအား ညမနား ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ တဒင်္ဂခေတ္တခဏမျှ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်နှင့် ဘဝအမောများ ပြေပျောက်စေရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) မှ ဖျော်ဖြေရေးအဖွဲ့သူအဖွဲ့သားများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက ကျောပိုးအိတ်ဖျော်ဖြေရေး အဖွဲ့ငယ်များ ဖွဲ့စည်းကာ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများသို့ မိသားစုများ၏ကိုယ်စား ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် အလှည့်ကျ သွားရောက် ဂုဏ်ပြုဖျော်ဖြေ သီဆိုကပြလျက်ရှိသည်။

ထိုသို့ရှေ့တန်းစခန်းများရှိ တပ်မတော်သားများ၊ နယ်ခြားစောင့်တပ်ဖွဲ့များအား သွားရောက်ဂုဏ်ပြုသီဆိုကပြဖျော်ဖြေလျက်ရှိရာ ဒီဇင်ဘာ ၁ ရက်နှင့် ယနေ့တွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေရှိ ရှေ့တန်းစခန်းများသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) မှ ဖျော်ဖြေရေးအဖွဲ့သူ အဖွဲ့သားများ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက ခေတ်ပေါ်တေးသီချင်းများ၊ ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ ရှေ့တန်းစခန်းများရှိ တပ်မတော်သားများနှင့် နယ်ခြားစောင့်တပ်ဖွဲ့များက လုံခြုံရေးအရ အလှည့်ကျစနစ်ဖြင့် စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် ဖျော်ဖြေမှုအပေါ် ဝမ်းသာပီတိဖြစ်စွာနှင့် ရှေ့တန်းအရောက် လာရောက်ဖျော်ဖြေပေးကြသူများကို မိမိတို့၏ ချွေးနဲစာဖြင့်ရရှိသည့် လစာအချို့မှ စုပေါင်း၍ ဂုဏ်ပြုဆုငွေများလည်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ စစ်သည်၊ စစ်သမီးများ ရှေ့တန်းတစ်နေရာ၌ ဖျော်ဖြေနေစဉ်။



MRTV မှ ဖျော်ဖြေရေးအဖွဲ့သူအဖွဲ့သားများ ရှေ့တန်းတစ်နေရာတွင် တပ်မတော်သားများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံ။

---

*စာမျက်နှာ ၁၆ မှ*

ပါဝင်ဆောင်ရွက်နိုင်ရေး အဟန့်အတားများကို တိုးတက်သော နည်းပညာဖန်တီးမှုများဖြင့် ဖယ်ရှားပေးခြင်းဖြင့် လူတိုင်းအကျုံးဝင်သော အစီအစဉ်များ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

**မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း**

မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ မသန်စွမ်းသူများအတွက် သင့်လျော်သော ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်စေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် အားလုံး ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း ရှေ့ပြေးရလဒ်များအရ မသန်စွမ်းသူ ၅ ဒသမ ၉ သန်း (လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်း) ရှိကြောင်း သိရပါသည်။ ထို့ကြောင့် မသန်စွမ်းသူများ၏ အရေးကို အလေးထား ဆောင်ရွက်ရန်လိုအပ်သဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနက မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ မသန်စွမ်းသူများ၊ မသန်စွမ်းအရေး ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ၂၀၁၉ ခုနှစ်က စတင်ရေးဆွဲခဲ့ပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် မိတ်ဆက်ဖြန့်ချိနိုင်ခဲ့ပြီ ဖြစ်ပါသည်။

မဟာဗျူဟာစီမံချက်ကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (United Nations Convension of the Rights of Persons with Disability)၊ အာဆီယံမဟာဗျူဟာလုပ်ငန်းအစီအစဉ် (ASEAN– Enabling Masterplan 2025) နှင့် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ(၂၀၁၅)၊ နည်းဥပဒေများ(၂၀၁၇)တို့နှင့် အညီ နိုင်ငံ၏ လူသားစွမ်းရည်အရင်းအမြစ်များဖြစ်သော မသန်စွမ်းသူများအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုအသိုင်းအဝိုင်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးနှင့် လူ့ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်စေရေးတို့အတွက် ရည်ရွယ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ စီမံကိန်းတွင် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေး အလွယ်တကူလက်လှမ်းမီရရှိရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေများစသည်တို့ကို ဦးစားပေးကဏ္ဍ (၆)ရပ်အဖြစ် အကောင်အထည်ဖော်ရန် ထည့်သွင်းထားရှိခဲ့သည်ကို တွေ့ရပါသည်။ (အထောက်အထားသိလိုပါက moswrr.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။) ယခုအခါ မဟာဗျူဟာ အကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး လုပ်ငန်းစီမံချက်(Action Plan) များ ရေးဆွဲရေးအတွက် ဆောင်ရွက်နေပြီဖြစ်ပါသည်။

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ဒုတိယဝန်ကြီးချုပ်သည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားကော်မတီ အစည်းအဝေးတွင် ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာဖြင့် အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေး အရေးကြီးကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်လျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများတွင် မသန်စွမ်းသူများအတွက်ပါ ထည့်သွင်းစီမံဆောင်ရွက်သွားကြရန်၊ ပို့ဆောင်ရေးကဏ္ဍများတွင်လည်း မသန်စွမ်းသူများအတွက် လိုအပ်ချက်များကို ထည့်သွင်းဆောင်ရွက်ပေးသွားရန်လိုကြောင်း လမ်းညွှန်ခဲ့ပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများက အားလုံးအကျုံးဝင် ပညာရေး၊ ကျန်းမာရေး၊ မသန်စွမ်းသူများနှင့် သင့်လျော်သော အလုပ်အကိုင်ရရှိရေး၊ အလုပ်အကိုင်အတွက် လိုအပ်သည့်သင်တန်းများပေးရေး၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် မသန်စွမ်းသူများအတွက် အတားအဆီးကင်းစင်ရေးနှင့် အထူးအစီအစဉ်များ၊ အထူးသဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက အတားအဆီးမဲ့ခရီးသွား အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် သက်ဆိုင်ရာ ခရီးသွားလုပ်ငန်းအဖွဲ့များ၊ ဟိုတယ်နှင့်တည်းခိုခန်း လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

**မသန်စွမ်းသူများအား ထောက်ပံ့မှုများ**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက်မတည်ရန်ပုံငွေ သုံးဘီလီယံကို အလေအလွင့် မရှိစေဘဲ စနစ်တကျ တိုးပွားအောင် ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပြီး တိုးပွားလာသော ရန်ပုံငွေကို မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် မသန်စွမ်းသူများ အကျိုးပြုလုပ်ငန်းများတွင် သုံးစွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ပြန်လည်ထူထောင်ရေး ဦးစီးဌာနအနေဖြင့် မသန်စွမ်းသူများအား မသန်စွမ်းထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မသန်စွမ်းသူစုစုပေါင်း ၂၃၄၂၆ ဦး အတွက် ထောက်ပံ့ကြေးငွေ စုစုပေါင်းကျပ် ၇၃၈၂ ဒသမ ၉၄၉ သန်းတိတိကို ထောက်ပံ့ပေးခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မသန်စွမ်းသူ စုစုပေါင်း ၃၈၁၄၁ ဦး အတွက် ထောက်ပံ့ကြေးငွေစုစုပေါင်း ကျပ် ၁၁၆၁ ဒသမ ၁၀၅ သန်းတိတိကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် အောက်တိုဘာလမှ မတ်လအထိ မသန်စွမ်းသူ စုစုပေါင်း ၅၅၁၈ ဦး အတွက် ထောက်ပံ့ကြေးငွေ စုစုပေါင်း ကျပ်သန်း ၁၆၆၂၀ ကို ထောက်ပံ့ပေးအပ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် (ယနေ့အထိ) မသန်စွမ်းသူ ၆၈၅ ဦးအတွက် ငွေကျပ် ၂၁ ဒသမ ၂၅ သန်း ထောက်ပံ့ပေးထားပြီးဖြစ်ပါသည်။ ထို့ပြင် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း လုပ်ငန်းကို ၂၀၂၂ ခုနှစ် မေ ၉ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ထိုမှတ်ပုံတင်ခြင်းလုပ်ငန်း ပြီးမြောက်ပါက မသန်စွမ်းမှု အဆင့်အလိုက် ထောက်ပံ့ခြင်းကိုလည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၃၀ အစီအစဉ်ဖြစ်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတွင် လူ့အခွင့်အရေးတို့ကို အပြည့်အဝဖော်ဆောင်ရာတွင်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်းကောင်း၊ မသန်စွမ်းမှုကို အကြောင်းပြု၍ ချန်လှပ်ထားခဲ့ခြင်း၊ နောက်ကျကျန်ရစ်ခဲ့ခြင်း မရှိစေရန် အထင်အရှားဖော်ပြထားပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များဆိုင်ရာ မူဘောင်တွင်လည်း ရည်မှန်းချက်(၇)ရပ်သည် မသန်စွမ်းသူများအတွက် ရည်ညွှန်း ဖော်ပြထားပြီး အခြားရည်မှန်းချက် (၆) ရပ်တွင်လည်း မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်သော အခြေအနေတွင်ရှိသည့် လူသားများအတွက် ရည်ညွှန်းဖော်ပြထားပါသည်။

**မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းစဉ်များကို လိုက်နာ**

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့်လည်း ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့ကြီးက ချမှတ်ထားသော မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ မသန်စွမ်းသူများအရေးကို အလေးထား ဆောင်ရွက်ရာတွင် အစိုးရတစ်ဖွဲ့တည်း ဆောင်ရွက်၍မရဘဲ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မသန်စွမ်းသူအရေးဆောင်ရွက်နေသော အဖွဲ့များ၊ ပုဂ္ဂလိကကဏ္ဍများကပါ ပူးပေါင်းဆောင်ရွက်ပေးမှသာ အောင်မြင်နိုင်မည့် လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။

ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် “အားလုံးပါဝင်ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီညီမျှရေး တီထွင်ဖန်တီးမှုစွမ်းအားဖြင့် ဆောင်ရွက်ပေး” ဆိုသည့်အတိုင်း မသန်စွမ်းသူများအရေး တီထွင်ဆန်းသစ်ပြီး အားလုံးပါဝင်သော လူ့အဖွဲ့ အစည်းတစ်ရပ်ဖြစ်ပေါ်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ ။

**ကိုးကား – un.desa.com**

# ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့် တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့် ဇလဗေဒစခန်း ၄၁ ခု (ပုံ-၁) တွင် ရွာသွန်းသော မိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မိုးရေများ၏ pH တန်ဖိုးများကို တိုင်းတာသည့် စခန်း ၄၁ ခုအနက် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း တောင်ကြီး၊ မိုင်းဆတ်၊ ကျိုင်းတုံ၊ ပြင်ဦးလွင်၊ ရန်ကုန်(ကမ္ဘာအေး)၊ မှော်ဘီ၊ လှိုင်ကော်၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ ပဲခူး၊ တောင်ငူ၊ ပုသိမ်၊ မအူပင်၊ ဟသ်ာတ၊ မော်လမြိုင်၊ ရေး၊ ဘီးလင်း၊ ဘားအံ၊ ကော့ကရိတ်၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်း စခန်းတို့တွင် မိုးရွာသွန်းခဲ့ပါသည်။ မိုးရေနမူနာရရှိခဲ့သည့် အထက် ဖော်ပြပါစခန်း ၂၃ စခန်းအနက် ၁၉ စခန်းတို့တွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိပြီး မှော်ဘီ၊ ပဲခူး၊ မအူပင်နှင့် မြိတ် စခန်းများတွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် (5.6– 6.4) အတွင်းတွင်ရှိပါသဖြင့် ပုံမှန်မိုးရေအဆင့်တွင် ရှိပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ် ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် ၂၃ စခန်း၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ် ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း သုံးသပ်ရပါသည်။ (ပုံ-၂)

ပုံ (၁)




ပုံ (၂)၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများပြပုံ




၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | တောင်ကြီး | ၆.၇ |
| ၂ | မိုင်းဆတ် | ၆.၈ |
| ၃ | ကျိုင်းတုံ | ၆.၆ |
| ၄ | ပြင်ဦးလွင် | ၆.၇ |
| ၅ | ရန်ကုန်(ကမ္ဘာအေး) | ၇.၄ |
| ၆ | မှော်ဘီ | ၆.၃ |
| ၇ | လှိုင်ကော် | ၇.၁ |
| ၈ | စစ်တွေ | ၆.၉ |
| ၉ | ကျောက်ဖြူ | ၆.၈ |
| ၁၀ | သံတွဲ | ၇.၁ |
| ၁၁ | ပဲခူး | ၆.၃ |
| ၁၂ | တောင်ငူ | ၇.၂ |
| ၁၃ | ပုသိမ် | ၆.၈ |
| ၁၄ | မအူပင် | ၆.၃ |
| ၁၅ | ဟသ်ာတ | ၇.၁ |
| ၁၆ | မော်လမြိုင် | ၆.၅ |
| ၁၇ | ရေး | ၆.၆ |
| ၁၈ | ဘီးလင်း | ၇.၀ |
| ၁၉ | ဘားအံ | ၆.၇ |
| ၂၀ | ကော့ကရိတ် | ၆.၈ |
| ၂၁ | ထားဝယ် | ၇.၁ |
| ၂၂ | မြိတ် | ၆.၄ |
| ၂၃ | ကော့သောင်း | ၆.၅ |

## မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဘဏ္ဍာရေးဆိုင်ရာစည်းဝေး

**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ် ဒါရိုက်တာအဖွဲ့က ကျင်းပသည့် (၂၀၂၀- ၂၀၂၁) ဘဏ္ဍာရေးနှစ်နှင့် (၂၀၂၁-၂၀၂၂) Mini Budget အတွက် အရပ်ရပ် ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် "ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာ ဗိမာန်" ၌ ကျင်းပသည်။



အစည်းအဝေးကို တိုင်းဒေသ ကြီး သမဝါယမအသင်းစုချုပ် နာယကဦးအောင်ဖြူ၊ အသင်းစု ချုပ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလွင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းဝင်ကိုယ်စားလှယ်၊ မြို့နယ်စုဥက္ကဋ္ဌများ တက်ရောက်ခဲ့ပြီး အသင်းစုချုပ်၏ လုပ်ငန်း အစီရင်ခံစာ၊ ဘဏ္ဍာရေးနှစ်ချုပ် စာရင်း၊ အမြတ်ခွဲဝေစာရင်း၊ ရှေ့လုပ်ငန်းစဉ်များ (၂၀၂၂-၂၀၂၃) ရသုံး မှန်းခြေ ငွေစာရင်းများကို ရှင်းလင်းဆွေးနွေးပြီး မှတ်တမ်း တင် အတည်ပြုဆုံးဖြတ်သည်။ တိုင်းဒေသကြီးအတွင်းရှိ အသင်းဝင် မြို့နယ်များသို့ အရင်းမပျောက် မတည် ငွေကျပ်သိန်း ၁၅၀ စီကို အသင်းဝင် ၂၈ သင်းအတွက် စုစုပေါင်း ငွေကျပ်သိန်း ၄၂၀၀ နှင့် Daedong စက်ကိရိယာအတွက် မြို့နယ်နှင့် အခြေခံအသင်း အကျိုး ခံစားခွင့်များ ၂၂ မြို့နယ် အတွက် ငွေကျပ် ၈၂၇ သိန်း ၁၃၈ သန်း ထုတ်ပေးပြီး အသင်းစုချုပ်မှ မန္တလေးတိုင်းဒေသကြီး အတွင်း ရှိ ၁၉ မြို့နယ်စုများမှ ဗဟို သမဝါယမအသင်းသို့ EXIM Bank ချေးငွေပေးဆပ်ရန် ရှိသည့် ငွေကျပ် ၉၀၇၇ ဒသမ ၇၂၇ သန်းကို တိုင်းအသင်းစုချုပ်မှ စိုက်ထုတ် ပေးဆပ်ပြီးသည့် အတွက် အသင်းစုချုပ်နှင့် မြို့နယ်အသင်းစုများ အသေးစား အရင်းအနှီးချေးငွေ (တိုင်း)အဖြစ် အသင်းသား ၁ ကျပ် ၇၅ ပြားနှုန်း၊ အခြေခံ ၀ ဒသမ ၂၅ ပြားနှုန်း၊ မြို့နယ်စု ၀ ဒသမ ၂၅ ပြား ဖြင့် အသင်းစုချုပ်သို့ ၁ ကျပ် ၂၅ ပြားနှုန်း ပေးသွင်းရန် စာချုပ်ချုပ်ဆိုကြကြောင်း သိရသည်။

**မန်းကိုယ်ပွား**

○ *ကျောဖုံးမှ*

စပိန်အတွက် သွင်းဂိုးကို ပွဲချိန် ၁၁ မိနစ်တွင် ရရှိခဲ့ပြီး မိုရာတာက သွင်းယူပေးခဲ့သည်။ ဂျပန်အတွက် သွင်းဂိုးများကို ပွဲချိန် ၄၈ မိနစ်နှင့် ၅၁ မိနစ်တွင် ဒိုအန်နှင့် တာနာကာတို့က သွင်းယူပေးခဲ့သည်။

ကော့စတာရီကာနှင့် ဂျာမနီအသင်းတို့ပွဲစဉ်တွင် ဂျာမနီက လေးဂိုး– နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဂျာမနီအသင်းသည် ယခုပွဲအနိုင်ရရှိခဲ့သော်လည်း စပိန်အသင်းနှင့် ရမှတ် လေးမှတ်တူ၊ ဂိုးကွာခြားချက်ဖြင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

ဒီဇင်ဘာ ၂ ရက် ည ၉ နာရီခွဲတွင် ယှဉ်ပြိုင်သည့် အုပ်စု (ဇ) ဒုတိယ ပွဲစဉ်များတွင် ဥရုဂွေးက ဂါနာကို နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရပြီး တောင်ကိုရီးယားက ပေါ်တူဂီကို နှစ်ဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ယင်းအုပ်စုတွင် ပေါ်တူဂီက သုံးပွဲကစား နှစ်ပွဲနိုင် တစ်ပွဲရှုံး ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုဗိုလ်ရရှိကာ တောင်ကိုရီးယားနှင့် ဥရုဂွေးတို့ တစ်ပွဲနိုင်၊ တစ်ပွဲ သရေ၊ တစ်ပွဲရှုံး ရမှတ်လေးမှတ်စီ တူသော်လည်း ကိုရီးယားက ရဂိုး လေးဂိုး၊ ပေးဂိုး လေးဂိုးနှင့် ဥရုဂွေးက ရဂိုး နှစ်ဂိုး၊ ပေးဂိုး နှစ်ဂိုးရရှိကာ ဂိုးကွာခြားချက်မရှိသော်လည်း သွင်းဂိုးပိုများသည့် တောင်ကိုရီးယားက အုပ်စုဒုတိယဖြင့် ၁၆ သင်းအဆင့်သို့ တက်လှမ်း သွားခဲ့သည်။

**ဇော်ဇော်**

# ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေ ကားလမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

ကရင်ပြည်နယ်အတွင်းရှိ ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသ တစ်ဝိုက်နှင့် မြဝတီ-ဝေါလေ ကားလမ်း တစ်လျှောက်တို့အား KNU၊ KNLA မှ အကြမ်းဖက်မှုကို လိုလားသော အဖွဲ့၊ NUG အဖွဲ့နှင့် ၎င်း၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ၂၀၂၂ မေလမှ စတင်ထိန်းချုပ်၍ အဆိုပါ ဒေသတစ်ဝိုက်ရှိ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ စာသင်ကျောင်းများ အတွင်း ဝင်ရောက်နေထိုင်ကာ အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းများကြောင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘေးလွတ်ရာ နေရာများသို့ ခေတ္တထွက်ပြေး တိမ်းရှောင်လျက်ရှိသည်။

အဆိုပါ ဒေသတစ်ဝိုက်အား လုံခြုံရေး တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ ပြည်သူများကို ပြန်လည်နေထိုင်နိုင်ရေးအတွက် တယ်လီဖုန်းများဖြင့် လည်းကောင်း၊ အသံချဲ့စက်များဖြင့် မြန်မာဘာသာ၊ ကရင်ဘာသာစကားများဖြင့် လည်းကောင်း အသိပေးနှိုးဆော်၍ ပြန်လည် ဖိတ်ခေါ်ခြင်းနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးမှုများကြောင့် အေးချမ်းစွာ ပြန်လည်နေထိုင်လိုသည့် ခေတ္တထွက်ပြေး တိမ်းရှောင်နေသည့် ဒေသခံတိုင်းရင်းသားများမှာ ဝမ်းသာအားရဖြင့် ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင် သေဘောဘိုးကျေးရွာသို့ အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၃၂ ဦး၊ ဘလက်ဒိုကျေးရွာသို့ အမျိုးသား ၄၆ ဦး၊ အမျိုးသမီး ၅၂ ဦး၊ ထပ်မံဝင်ရောက်လာခဲ့ပြီး နိုဝင်ဘာ ၂၈ ရက်မှ ယနေ့အထိ သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာများသို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသား အမျိုးသား ၂၉၁ ဦး၊ အမျိုးသမီး ၃၀၈ ဦး စုစုပေါင်း ၅၉၉ ဦးရှိပြီဖြစ်ကြောင်း သိရှိရသည်။



အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက နေ့ညမပျက် ပြန်လည်ကြိုဆို၍ စနစ်တကျ လက်ခံလျက်ရှိပြီး ဆန်နှင့် စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ **(အပေါ်ပုံ)** ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၂)ရပ်ကွက်နေ ရာဇာအောင်(ခ) အောင်အောင်သည် ၎င်းအသုံးပြုသည့် "Yar Zar Aung" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သက်န်းညီနောင်မှ ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များသို့ သွယ်တန်းထားသည့် ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ်(၄၅၊၄၆၊၄၇)တို့ကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂**

CRPH နှင့် NUG အမည်ခံ အကြမ်းဖက် အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများ မရှိစေရေးတို့အတွက် စစ်ရေးပစ်မှတ် မဟုတ်သည့် အများပြည်သူနှင့် သက်ဆိုင်သော အဆောက်အဦများအား နည်းလမ်းမျိုးစုံဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

**မိုင်းထောင်ဖောက်ခွဲဖျက်ဆီး**

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၃၀ ရက်တွင် သက်န်းညီနောင်မှကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များသို့ သွယ်တန်းထားသည့် ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ် (၄၅၊ ၄၆၊ ၄၇)တို့ကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သဖြင့် တာဝါတိုင်များ ထိပ်ပိုင်း ကျိုးပဲ့ပျက်စီးခြင်းနှင့် လဲကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

**ထိရောက်စွာအရေးယူနိုင်ရေး**

အထက်ပါ ဖြစ်စဉ်မှ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ဓာတ်အားလိုင်း တိုင်အမှတ် (၄၅) ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။



ဓာတ်အားလိုင်း တိုင်အမှတ် (၄၆) ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။



ဓာတ်အားလိုင်း တိုင်အမှတ် (၄၇) ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/၄)၊ လူနေရပ်ကွက်အမှတ်(ရွှေပင်လုံအိမ်ရာ)၊ မြေကွက်အမှတ်(၁၄၇)၊(၁၄၈)၊ (၁၄၉) တစ်ကွက်လျှင် အကျယ်အဝန်း(၈၉ပေ× ၁၀၀ပေ)စီရှိ နှစ်(၆၀)ဂရန်မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်(၃)ကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းမော်(၁၂/စခန(နိုင်)၀၄၆၉၀၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်– ၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်– ၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (25.E.3)၊ ဈေးကလေးရပ်ကွက်၊ တော်ဝင်လမ်း၊ မြေကွက်အမှတ် (၁၇–အေ/၂က–၁)၊ ခြံအမှတ်(၅၅)၊ အကျယ်အဝန်း(၀.၀၂၈ဧက)ရှိ ဦးအောင်ဌေးလင်း (၉/သစန (နိုင်) ၀၀၄၂၆၉) အမည်ပေါက် ဂရန်ရှိမြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးအောင်ဌေးလင်း ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်– ၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်– ၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆

## မာန်အောင်မြို့နယ် သရော်တောကျေးရွာ၌ ရေစုကန်ငါးလုံး တည်ဆောက်ခြင်းလုပ်ငန်းအား တာဝန်ရှိသူတို့က သွားရောက်စစ်ဆေး

**မာန်အောင် ဒီဇင်ဘာ ၂**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာများ၏ ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် နိုင်ငံတော်မှ ပံ့ပိုးငွေရရှိမှုအပေါ် မူတည်ကာ ထောင့်စုံဘက်စုံမှ လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။



၂၀၂၂–၂၀၂၃ ခု ဘဏ္ဍာနှစ်တွင် ကျေးလက်ရေရရှိရေးအဖြစ် မာန်အောင် စိမ်းလန်းဖွံ့ဖြိုးရေး ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော သရော်တောကျေးရွာ၌ ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစွာ ရရှိသုံးစွဲရေး ရေဂါလန် ၁၅၀၀ ဆန့် ရေစုကန်ငါးလုံး တည်ဆောက်နေခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမောင်မောင်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က နိုဝင်ဘာ ၂၉ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)**

**တောင်ကြီးခရိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၉**

**ကွယ်လွန်သူ ဦးအောင်ကြည်ဦး၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ကလောမြို့၊ အမှတ် (၁၀/၈၈)၊ (၁၀)ရပ်ကွက်၌ နေထိုင်ခဲ့သောကွယ်လွန်သူ ဦးအောင်ကြည်ဦး၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ယဉ်မင်းခိုင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်(၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအောင်ကြည်ဦး၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၉ရက် (၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ယဉ်မင်းခိုင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် လေးဒေါင့်ကန်၊ မြေကွက်အမှတ် ၅၇၂/A၊ မြေကွက်တည်နေရာ အမှတ်(၇၇)၊ ရိပ်သာလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ (ဦးလှမောင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှမောင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးသန်းစိုး ၁၂/သဃက(နိုင်)၀၉၂၇၉၈ မှ (မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းသူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ် နေထိုင်ခွင့်) တို့သာပါရှိပြီး မှီခိုသူများစာရင်း မပါဝင်ဘဲ ပါမစ်(မပြည့်စုံ)ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ဗိုလ်မှူးဗထူးလမ်း၊ မြေကွက်အမှတ် ၁၄၆၊ မြေကွက်အကျယ်အဝန်း အလျား ၄၀ပေ Xအနံ ၆၀ပေ၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ မြေနှင့် အိမ်ကို ဒေါ်လှလှထွေး ၇/ မလန(နိုင်)၀၁၄၀၈၄ နှင့် ဒေါ်ငုငယ်ငယ် ၇/မလန(နိုင်)၀၆၄၅၀၃တို့က အမည်ပေါက်ပိုင်ဆိုင်ပြီး ကျွန်ုပ်ထံသို့ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မာလာဦး**
ဖုန်း–၀၉–၄၃၁၂၇၂၄၄

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ပါကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**

**ကလောမြို့နယ်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၅နှင့် ဆက်နွှယ်သည့် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၂၇**

ဦးအောင်သူလွင် နှင့် ၁။ ဦးအောင်
၂။ ဒေါ်မေဝင်း
၃။ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း(ငြိမ်း)
၄။ ဒေါ်သန်းသန်းမြင့်
၅။ ဗိုလ်မှူးစိုးဝင်း(ငြိမ်း)

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ဦးအောင်၊ ဒေါ်မေဝင်း (အတူနေဇနီးမောင်နှံ) ကလောမြို့၊ အမှတ် (၈) ရပ်ကွက်၊ ဂေါက်ကွင်းအနောက်လမ်း၊ အမှတ် (၈/၅၄)၊ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း(ငြိမ်း)၊ ဒေါ်မြင့်မြင့်သန်း (အတူနေဇနီးမောင်နှံ) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်၊ အမှတ် (၃၆/၅၉)၊ ဗိုလ်မှူးစိုးဝင်း(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ဖို့မြေလမ်း (ဒု–တပ်ယာ)၊ အမှတ် (၆၁) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် –၁၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်ဆင့်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ရက် (၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့သို့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးလွဲစန္ဒီမြင့်)**
**မြို့နယ်တရားသူကြီး**
**ကလောမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ မြေကွက်အမှတ် (၅)ပေါ်တွင် ဆောက်လုပ်ထားသော Golden Parami Tower(B)(၅)လွှာ၊ အခန်းအမှတ်(၅၀၁)ဟုခေါ်တွင်သော အလျား(၂၉.၁၀)ပေX အနံ(၅၄)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချစီမံပိုင်ခွင့်ရှိသူ ဒေါ်ဟန်နီဇော် ၁၂/ဗဟန(နိုင်)၀၃၅၈၈၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ထိုတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သော်သော်အောင် ၁၂/မရက(နိုင်)၁၂၅၃၇၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သိမ့်သန္တာအောင်(အထက်တန်းရှေ့နေ)**
**(စဉ်–၄၈၂၂၉/၂၀၁၆)**
**စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း–၀၉–၇၉၉၇၂၃၈၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အခန်းအမှတ် (၃၃၀/ခ) ၊(၁) ခန်းတည်း RC (၅)ထပ်ခွဲတိုက်အဆောက်အအုံ၏စတုတ္ထထပ်(၅)လွှာ၊ဧရိယာ (၉၇၂) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း၊ ရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးသီးသန့် ၁၂/သဃက(နိုင်)၀၄၁၁၇၃ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးမင်းသူ ၁၂/ဒဂမ(နိုင်)၀၂၀၃၀၈၊ ဒေါ်ဖြိုးဖြိုးအောင် ၁၂/မရက(နိုင်)၁၃၇၄၅၇ တို့က အပြီးအပြတ် ဝယ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းသူနှင့် ဒေါ်ဖြိုးဖြိုးအောင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ (စဉ်–၄၇၆၂၂)**
**အမှတ်(၁၄)၊ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## ဒေသအတွင်းရှိ စိုက်ပျိုးထုတ်လုပ်ထားသည့်ကြံများ တရုတ်နိုင်ငံသို့ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်

**မူဆယ် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ် ပတ်ဝန်းကျင်ဒေသအသီးသီးရှိ ဒေသခံပြည်သူများ စိုက်ပျိုးထုတ်လုပ်ထားသည့် ကြံများကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ရေးအတွက် ယနေ့နံနက် ၁၀ နာရီ၌ မူဆယ်–တရုတ်နိုင်ငံနယ်စပ် ကျင်စန်းကျော့ဂိတ်တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ (၁၀၅) မိုင် ကုန်သွယ်ရေးဦးစီးဌာနနှင့် တစ်ဖက်နိုင်ငံ တာဝန်ရှိသူများနှင့် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ကြသည်။



အဆိုပါ ညှိနှိုင်းဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးအောင်ဇော်မိုး ဦးဆောင်၍ ကုန်သွယ်ရေး ညွှန်ကြားရေးမှူး ဦးမင်းဇော်၊ မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်လင်းနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် တင်ပို့မည့် ကုမ္ပဏီသုံးခုမှ ကိုယ်စားလှယ်များ ညှိနှိုင်းဆောင်ရွက်ကြသည်။ ယင်းနောက် ကြံတောင်သူများ ဆုံးရှုံးနစ်နာမှု မရှိစေရေးနှင့် အကျိုးအမြတ် ပိုမိုရရှိရန်အတွက် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရန် မိမိကြံတင်ပို့ယာဉ်များ Green Channel သတ်မှတ်၍ မြန်မာစံတော်ချိန် ၁၂:၀၀ မှ ၁၃:၀၀ နာရီအထိနှင့် ညနေ ၁၆:၀၀ မှ ၁၈:၀၀ နာရီအထိ ကြံပို့ကုန်ယာဉ်များ တရုတ်နိုင်ငံဘက် ဝင်ရောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ကြသည်။ ထို့ပြင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ရှိထားသည့် မည်သည့်ကုမ္ပဏီမဆို တင်ပို့ခွင့် ရရှိရေး၊ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ ဝင်ရောက်အစစ်ဆေးခံနိုင်ရေး၊ ကုန်ချိန်စစ်ကွင်းသို့ တိုက်ရိုက်သွားရောက်သယ်ဆောင်စေသည့် စနစ်ပြောင်းလဲ ဆောင်ရွက်နိုင်ရေး၊ တရားမဝင် ပစ္စည်းများ မပါရှိစေရေးကို ကုမ္ပဏီများမှ တာဝန်ခံနိုင်စေရေးတို့ကို ညှိနှိုင်းဆောင်ရွက်ကြကြောင်း သိရသည်။ ဆက်လက်၍ ယနေ့မှစပြီး ရေထွက်ကုန်ဖြစ်သော ကဏန်း၊ ငါးရှဉ့်များကို အရွယ်မျိုးစုံ စတင်တင်ပို့နေပြီဖြစ်ကြောင်း သိရသည်။ **ချယ်ရီမြေ(မူဆယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/5055, TOYOTA Mark X GRX 120, Saloon(4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းရှိန် ၁၂/မဂတ(နိုင်) ၀၀၆၅၄၉ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသင့်ပြောင်း ဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သန်လျင်မြို့နေ ဒေါ်ခင်ရီ၏ သမီး မခင်ချိုသဲမော် ၁၂/သလန(နိုင်)၁၂၀၄၃၈သည် မိဘ၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

မိခင် ဒေါ်ခင်ရီ
၁၂/သလန(နိုင်)၀၀၃၉၂၄

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကုသရေးဦးစီးဌာန
# သွားဘက်ဆိုင်ရာအကူသူနာပြု (ပြင်ပ)
# (၉)လ သင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်တွင် ဖွင့်လှစ်မည့် သွားဘက်ဆိုင်ရာအကူသူနာပြု (ပြင်ပ)(၉)လသင်တန်းကို တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်–
- (က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) အခြေခံပညာအထက်တန်း(သို့မဟုတ်)တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်၊
- (ဂ) လျှောက်လွှာပိတ်သည့် (၂၉–၁၂–၂၀၂၂)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊
- (ဃ) အိမ်ထောင်မရှိသူ (အပျို/လူပျို) ဖြစ်ရမည်၊
- (င) ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ဖွင့်လှစ်မည့် သွားဘက်ဆိုင်ရာအကူသူနာပြု (ပြင်ပ)(၉)လသင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။ သင်တန်းပြီးဆုံးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၂)နှစ်တာဝန်ထမ်းဆောင်ရမည်။ သင်တန်းပြီးဆုံးအောင် မတက်ရောက်နိုင်ခြင်း/ နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၂)နှစ်တာဝန်မထမ်းဆောင်နိုင်ပါက သတ်မှတ်လျော်ကြေးငွေ( ၅၀၀၀၀၀/– ) ကျပ် ငါးသိန်း တိတိပေးလျော်ရမည်၊
- (စ) သင်တန်းဖွင့်လှစ်မည့် နေပြည်တော်ရှိ ဆေးရုံကြီးများတွင် သင်တန်းတက်ရောက်နိုင်သူ ဖြစ်ရမည်။
- (ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismiss)ခြင်း၊ ထုတ်ပယ်(Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။
- (ဇ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
- (ဈ) သွားဘက်ဆိုင်ရာအကူသူနာပြု(ပြင်ပ)(၉)လသင်တန်း အောင်မြင်သူများအား ကုသရေးဦးစီးဌာနမှ အသိအမှတ်ပြုသင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့်မည်။

၃။ လျှောက်လွှာနှင့်အတူ လွန်ခဲ့သော(၃)လအတွင်းက ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်လိုင်စင် ဓာတ်ပုံ(၃)ပုံနှင့်အတူ အောက်ပါစာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံစွာ ပူးတွဲပေးပို့ရပါမည်–
- (က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ရမှတ်စာရင်း (မိတ္တူ) တစ်စောင်စီ၊
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)၊
- (ဂ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက်(မူရင်း)
- (ဃ) အပျို၊လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)၊
- (င) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန၏ ဆေးထောက်ခံစာ(မူရင်း)၊
- (စ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း၊

၄။ သင်တန်းစရိတ်နှင့် နေထိုင်စားသောက်ရေးကို သင်တန်းသားများကိုယ်တိုင်စီစဉ်ကျခံရမည်။ လျှောက်လွှာကို သွားကျန်းမာရေးပညာဌာနခွဲ၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ လိပ်မူ၍ ( ၂၉– ၁၂– ၂၀၂၂)ရက်နေ့ (၁၆:၃၀) နာရီထက်နောက်မကျဘဲ လျှောက်ထားရမည်။

၅။ အသေးစိတ်သိရှိလိုသည့်အချက်အလက်များကို ကုသရေးဦးစီးဌာန၊ သွားကျန်းမာရေးပညာဌာနခွဲ၊ (ဖုန်းနံပါတ် (၀၆၇–၃၄၁၁၁၄၂) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုသရေးဦးစီးဌာန**

---

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန

ကာလာ ဓာတ်ပုံ

**သွားဘက်ဆိုင်ရာအကူသူနာပြု(ပြင်ပ)(၉)လသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံ**

လျှောက်လွှာအမှတ် -------------

၁။ အမည် ----------------------
၂။ မွေးသက္ကရာဇ်၊ အသက် ----------------------
၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------
၄။ ပညာအရည်အချင်း ----------------------
၅။ အဘအမည် ----------------------
၆။ အဘ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------
၇။ အမိအမည် ----------------------
၈။ အမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------
၉။ နေရပ်လိပ်စာအပြည့်အစုံ ----------------------
၁၀။ ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ် ----------------------

| ၁၁။ | အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သည့် – | | | |
|---|---|---|---|---|
| | ခုနှစ် | | ဘာသာရပ် | ရမှတ် |
| | ခုံအမှတ် | | မြန်မာစာ | |
| | စာစစ်ဌာန(မြို့နယ်ဖော်ပြရန်) | | အင်္ဂလိပ်စာ | |
| | | | သင်္ချာ | |
| | | | ၃ – ဘာသာပေါင်း | |

၁၂။ ဤလျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြအပ်ပါသည်–
- (က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ရမှတ်စာရင်း (မိတ္တူ) တစ်စောင်စီ ၊
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊
- (ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက် (မူရင်း)
- (ဃ) အပျို၊ လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)၊
- (င) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာန၏ ဆေးထောက်ခံစာ(မူရင်း)၊
- (စ) (၃)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓါတ်ပုံ(၃)ပုံ၊
- (ဆ) အကယ်၍ သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပါက သင်တန်းကာလအတွင်း သင်တန်းစည်းမျဉ်းစည်းကမ်းများကိုလိုက်နာပြီး၊ သင်တန်းပြီးဆုံးအောင် တက်ပါမည်ဟု ဝန်ခံကတိပြုလွှာ။

လျှောက်ထားသူလက်မှတ်၊--------------------------
လျှောက်ထားသူအမည်၊--------------------------
နေရပ်လိပ်စာအပြည့်အစုံ၊--------------------------
--------------------------
ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်၊--------------------------

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/7121, NISSAN AD VAN12,STATION WAGON (4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၂/ဥကတ(နိုင်) ၀၀၅၀၉၈ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/42592, Feiling–110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက်အောင် ၁၂/သလန(နိုင်) ၁၂၄၉၄၁က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/56624 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းထွန်း ၇/ဖမန(နိုင်)၁၂၈၃၆၀ က (ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊မြေကွက်အမှတ်(၁၉၄၁)၊ မြေကွက်တည်နေရာအမှတ်(၁၉၄၁)၊အဝေရာလမ်း၊(၆၀)ရပ်ကွက်၊ဒဂုံဆိပ်ကမ်း မြို့နယ်၊ ဒေါ်ချိုချို (၁၂/ဗဟန (နိုင်) ၀၈၁၂၉၃) အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်ချိုချို(၁၂/ဗဟန(နိုင်) ၀၈၁၂၉၃) (မိခင်)သည် (၂၈–၂–၂၀၀၄) ရက်နေ့တွင်လည်းကောင်း ၊ ၎င်း၏(ခင်ပွန်း) ဦးမြင့်အောင်(ခ)မျိုးမြင့်အောင် (၁၂/ဗဟန(နိုင်) ၀၈၁၂၆၂) (ဖခင်)သည် (၅–၇–၂၀၀၄) ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်ကြသဖြင့် သား/သမီးများဖြစ်ကြသော (၁)ဒေါ်ခင်သန္တာအောင် (၁၂/ဗဟန(နိုင်)၀၈၁၉၀၄) ၊(၂)ဒေါ်စောမြတ်စန္ဒာအောင် (၁၂/ဗဟန(နိုင်) ၀၈၁၉၀၅) နှင့် (၃)ဦးဟိန်းဇော်မျိုးအောင် (၁၂/ဗဟန(နိုင်)၀၈၁၉၀၆) တို့မှအစ္စလာမ်ဘာသာ ကိုးကွယ်သူများဖြစ်၍ ၎င်းတို့မှ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အမွေစားအမွေခံ သား/သမီးများဖြစ်ကြောင်း ကတိသစ္စာ ပြုလွှာ မှတ်ပုံတင်အမှတ်–၂၃၄၉/၂၀၂၂ (၂၅–၇–၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

# ဒေါ်စန္ဒာဝင်း ၁၂/ဒပန(နိုင်)၀၃၄၆၈၇ နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်ထွေး ၁၂/ဒပန(နိုင်)၀၀၉၆၃၃ ကိုင်ဆောင်သူ အမှတ်(၄၉)၊ အောင်တံခွန်လမ်း၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါအတိုင်း ဇနီးဖြစ်သူ ဒေါ်စန္ဒာဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်–

ဦးခင်မောင်ထွေး ၁၂/ဒပန(နိုင်)၀၀၉၆၃၃ နှင့် ဒေါ်စန္ဒာဝင်း ၁၂/ဒပန(နိုင်)၀၃၄၆၈၇ တို့သည် (၂၃–၁၀–၁၉၉၆) ရက်မှ စတင်၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ပြီး ယခုအခါ ဖော်ပြပါလိပ်စာ၌ နေထိုင်ပါသည်။ အိမ်ထောင်သက်ကာလအတွင်း သားကြီး ကိုနိုင်းသူရထွေး (၂၆)နှစ်နှင့် သမီးငယ် မအိန္ဒြေခင်(၁၉)နှစ်တို့ (၂)ဦးကို မွေးဖွားခဲ့ပါသည်။

ဦးခင်မောင်ထွေးသည် (၆–၂–၂၀၀၂) ရက်မှစတင်၍ ယနေ့တိုင် နိုင်ငံခြားသင်္ဘောသားအဖြစ် အလုပ်လုပ်ကိုင်ပြီး မိသားစုအား ကျွေးမွေးစောင့်ရှောက်ခဲ့ပါသည်။ ထိုသို့ လင့်ဝတ္တရားကျေပွန်စွာ ဆောင်ရွက်ပေးခဲ့ပါသည်။ ဇနီးဖြစ်သူ ဒေါ်စန္ဒာဝင်းသည် မယားဝတ္တရားကိုကျေပွန်စွာဆောင်ရွက်ခဲ့သော်လည်း (၁၃–၇–၂၀၂၂) ရက်မှစတင်၍ မိခင်တစ်ဦး၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ပေးခြင်းမရှိတော့ပါ။ နေအိမ်၌ သားသမီးနှစ်ဦးနှင့်အတူ တစ်ပတ်လျှင် (၂/၃) ရက်သာ နေထိုင်ပြီး ကျန်ရက်များတွင် နေထိုင်ခြင်းမရှိတော့ကြောင်း သားနှင့်သမီးက အကြောင်းကြားသဖြင့် (၂၅–၁၁–၂၀၂၂) ရက်တွင် နိုင်ငံခြားသင်္ဘောမှဆင်းပြီး နေအိမ်သို့ ပြန်လာခဲ့ရပါသည်။

ဒေါ်စန္ဒာဝင်းသည် ဦးခင်မောင်ထွေးနေအိမ်သို့ ပြန်ရောက်သည့်နေ့မှစ၍ ယနေ့တိုင် နေအိမ်သို့ ပြန်လာခြင်း မရှိတော့ပါ။

ဒေါ်စန္ဒာဝင်းသည် ၎င်းအမည်ဖြင့်ဝယ်ယူထားသည့် TOYOTA SUCCEED (EE–4393)နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ ဘဏ်စာအုပ်၊ သန်းခေါင်စာရင်းနှင့် သန်လျင်မြို့နယ်၊ ကညင်ပင်(၃)လမ်း ကွက်သစ်ရှိ (အလျား ၂၅' x အနံ ၆၀') ရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ထပ်၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး၊ မီတာအပါအဝင်နှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများ၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ၊ မင်္ဂလာလမ်းရှိ (အလျား ၄၀' x အနံ ၁၂၀') ရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၄၀' x ၄၀') (၁)ထပ်နေအိမ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ခင်ပွန်းသည်၏ ခွင့်ပြုချက်မရဘဲ ယူဆောင်သွားပါသည်။

ဒေါ်စန္ဒာဝင်းသည် ခင်ပွန်းသည် ဦးခင်မောင်ထွေး နေအိမ်၌မရှိခိုက် မိမိသဘောဆန္ဒအလျောက် နေအိမ်မှ (၁၄–၁၁–၂၀၂၂) ရက်တွင် ဆင်းသွားပါသည်။ ယနေ့တိုင်ပြန်လာခြင်းမရှိပါ။ သို့ပါ၍ သတင်းစာမှ ကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း လက်ခံထားသူများမှ ဒေါ်စန္ဒာဝင်းအား ခင်ပွန်းဖြစ်သူ ဦးခင်မောင်ထွေးထံသို့ ပြန်လည်အပ်နှံပေးခြင်းမရှိပါက သွေးဆောင်၊ဖြားယောင်းလက်ခံထားသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဒေါ်စန္ဒာဝင်းနှင့် ပတ်သက်သမျှ တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်ဝေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၆၇၇)**
**အမှတ်–၅၃၆၊ အလင်းရောင်လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့**

---

## ကုမ္ပဏီအားဖျက်သိမ်းကြောင်းကြော်ငြာ
## အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
## Nippon Kouatsu Electric Myanmar Co., Ltd

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ Nippon Kouatsu Electric Myanmar Co., Ltd အား ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မျိုးနေဇာ(PA–1140, MAIP–00099) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်–

| | |
|---|---|
| **ဖျက်သိမ်းအရာရှိ** | |
| **ဒေါ်မျိုးနေဇာ** | **Mr. Eiji Mawatari** |
| **PA –1140** | **Director** |
| **MAIP – 00099** | **Nippon Kouatsu Electric** |
| **အမှတ်(၁၉)၊ ပထမထပ်၊** | **Myanmar Co., Ltd** |
| **ရတနာဘုံလမ်း၊** | |
| **အနောက်ရပ်ကွက်၊** | |
| **ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** | |
| **ဖုန်း – 09–751279107** | |

---

## အသိပေးကြော်ငြာခြင်း

၁။ မူဆယ်မြို့နယ်၊ တောင်ရပ်ကွက်၊ အကွက်အမှတ် (၃၉/တောင်ရပ်)၊ ဦးပိုင်အမှတ်(၂၉)၊ မြေဧရိယာ(၀.၀၄၀)ဧကရှိ မြေနေရာအား မူလပိုင်ရှင် ဒေါ်နန်းခန့်နှင့် ဦးမောင်ညွှန့်တို့ထံမှ (၁၃–၅– ၁၉၉၁)ရက်နေ့တွင် စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် ဦးမာဂမ်မှ ဝယ်ယူခဲ့ပြီး (၁၃–၂–၂၀၀၆)ရက်နေ့တွင် ဦးမာဂမ်မှ သားဖြစ်သူ ဦးစိုင်းအိုက်ပီးအား စာချုပ်စာတမ်းမှတ်ပုံတင်၍ အိမ်ဝိုင်းမြေလွှဲပြောင်း ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုထားရှိသဖြင့် ဦးစိုင်းအိုက်ပီး ၁၃/မဆတ(နိုင်)၀၃၁၉၉၉ မှ မြေငှားဂရန် အသစ် ချထားပေးပါရန် လျှောက်ထားလာပါသည်။

၂။ မူဆယ်မြို့နယ်၊ တောင်ရပ်ကွက်၊ အကွက်အမှတ် (၃၉/တောင်ရပ်)၊ ဦးပိုင်အမှတ်(၂၉)၊ မြေဧရိယာ(၀.၀၄၀)ဧကရှိ မြေနရာအား ဦးစိုင်းအိုက်ပီး အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများဖြင့် မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား မြေငှားဂရန်အသစ် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မူဆယ်မြို့**
**ဖုန်း–၀၈၂–၅၀၆၉၀**

---

## အများသိစေရန်ကြေညာခြင်း

ဒေါ်လဲ့မွန် ၁၂/ဒဂရ(နိုင်)၀၀၈၁၁၅ နှင့် ဦးကျော်ဇေယျ ၉/မလန(နိုင်)၁၃၂၀၁၃ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သည့်အတွက် နှစ်ဖက်အသိသက်သေ လူကြီးမင်းများရှေ့မှောက်တွင် ၂၅–၁၁–၂၀၂၂ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လဲ့မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ဖြူဖြူဇော်**
**အထက်တန်းရှေ့နေ**
**စဉ်–၅၀၄၀၄(၂၇–၁၀–၂၀၁၈)**
**အမှတ် ၁၁၀၇၊ ပ–လွှာ၊ယဿဝတီ ၁၈လမ်း**
**(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၄၃၁၃၁၂၂၀**

---

# စာအုပ်စာပေ လူ့မိတ်ဆွေ

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရှိ ဌာနများတွင် အသုံးပြုရန်အတွက်လိုအပ်သော အောက်ဖော်ပြပါယန္တရားများနှင့် လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| က။ | Excavator(20Tons)700 Width | ၄ စီး |
| ခ။ | Polyaluminium Chloride (PAC) Solution | ၈၈၉.၄၈ $m^3$ |
| ဂ။ | ဘိလပ်မြေ (ပြည်တွင်း) | ၂၃၀၀၀၀ အိတ် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၅-၁၂-၂၀၂၂ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၆-၁၂-၂၀၂၂ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံ အကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)

